# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**လွန်စွာကပ်ငြိသည့်စိတ်**

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွားး၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အလို့ငှာ ယာယီသမ္မတ တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံလွှဲအပ်

**နေပြည်တော် ဇူလိုင် ၂၂**

ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံနေရကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ထိုသို့သော ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် အလို့ငှာ ယာယီသမ္မတ ဦးမြင့်ဆွေ ဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန်ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတ တာဝန်လစ်ဟင်းနေစဉ်ကာလတို့တွင် ယာယီသမ္မတ တာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံသို့ လွှဲအပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ယာယီသမ္မတရုံးမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်းကြားစာ ပေးပို့လာခဲ့သည်။

ထိုသို့ အကြောင်းကြားစာ ပေးပို့ပြီးနောက် ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ နံနက် ၁၁ နာရီခွဲတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲပြောင်းအပ်နှံခြင်းအား လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၂

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယခုနှစ်တွင် တစ်နိုင်ငံလုံး ဘာသာစုံဂုဏ်ထူး ရရှိသူအားလုံးကို "နိုင်ငံတော်အဆင့်" "ပထမအကြိမ်" ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်**

**ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင် ၅၀၇ ဦးကို ရွှေစင် ငါးမူးသား ဒင်္ဂါးပြားများနှင့်ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဂုဏ်ထူးရှင်တို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**နိုင်ငံ့အကျိုးသယ်ပိုးနိုင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **"ပညာ"**ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ရရှိစေကြောင်း၊ နိုင်ငံသားတိုင်း **"အသိဉာဏ်ပညာ"** ပြည့်စုံမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် **"စစ်မှန်သည့် အင်အား"** တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

**အရှိန်အဟုန်မြှင့်ကြိုးပမ်း**

စစ်မှန်စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာကဏ္ဍကို မြှင့်တင်နိုင်ရန် အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်ထဲတွင် လူမှုရေးဦးတည်ချက် တစ်ရပ်အဖြစ် **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု**

*စာမျက်နှာ ၄ သို့*

**❑ စာသင်ခန်းကရသည့် ပညာသည် သညာသိဖြစ်ပြီး သညာသိလောက်ဖြင့် ဘဝတွင် မလုံလောက်နိုင်သည့်အတွက် တော်နေရုံမျှနှင့် မပြီးစေဘဲ သညာသိကနေ ပညာသိ ဖြစ်လာအောင် မိမိအတွက်၊ မိသားစုအတွက်၊ လူ့အဖွဲ့အစည်းအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့် လူသားများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

**အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”** ကို ထည့်သွင်းချမှတ်ပြီး နိုင်ငံသားတိုင်း ပညာသင်ယူမှုအခွင့်အလမ်းများ သာတူညီမျှရရှိစေရန် ပညာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**“ပညာရေးဖြင့် နိုင်ငံတော်တိုးတက်ရေး”** ကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဦးလည်မသုန် ထမ်းဆောင်ကြသည့်အတွက် တာဝန်ရှိသူများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်ကြသူများ အားလုံးကို အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

**ရေရှည်အားကောင်းမည်**

ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ **“စုပေါင်းအား”** ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်သည့် ကျောင်းသားလူငယ်များ၏ အင်အားကို ပိုမိုအားထားရမည်ဖြစ်ကြောင်း။

ယခင်နှစ်များက ယခုကဲ့သို့ ထူးချွန်ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဦးစီးဌာနအဆင့်ထိသာ ဆုချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် တစ်နိုင်ငံလုံး ဘာသာစုံဂုဏ်ထူးရရှိသူအားလုံးကို **“နိုင်ငံတော်အဆင့်” “ပထမအကြိမ်”** ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင် ၅၀၇ ဦးကို ရွှေစင် ငါးမူးသား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးမည် ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိခဲ့သည့် ကျောင်းသားများကို ဒေသန္တရဗဟုသုတများ ရရှိရန်၊ မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန် ပြည်တွင်းလေ့လာရေး ခရီးစဉ်သာမက နိုင်ငံတကာအတွေ့အကြုံများ ရရှိစေရန် ပြည်ပလေ့လာရေး ခရီးစဉ်များကိုပါ စေလွှတ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မျိုးဆက်သစ်လူငယ်များကို စိတ်ခွန်အားများရရှိပြီး ပညာကို အစဉ်တစိုက်ကြိုးစားလိုစိတ်များ ပိုမိုပေါ်ထွက်လာအောင် ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ မှုထန် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

**စီစဉ်ဆောင်ရွက်နေ**

ယခုနှစ်တွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ ၃၀ကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း။

ယနေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများသည် အခြေခံပညာကို ပြီးဆုံးပြီဖြစ်သဖြင့် အဆင့်မြင့်ပညာကို သင်ယူရတော့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သင်ယူသည့်အခါတွင် မိမိတို့ စိတ်ဝင်စားသည့် ပညာရပ်များ၊ ဝါသနာပါသည့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များကို မှန်မှန်ကန်ကန် ရွေးချယ်တက်ရောက်ကြစေလိုကြောင်း၊ စာသင်ခန်းကရသည့် ပညာသည် သညာသိဖြစ်ပြီး သညာသိလောက်ဖြင့် ဘဝတွင် မလုံလောက်နိုင်သည့်အတွက် တော်နေရုံမျှနှင့် မပြီးစေဘဲ သညာသိကနေ ပညာသိဖြစ်လာအောင် မိမိအတွက်၊ မိသားစုအတွက်၊ လူ့အဖွဲ့အစည်းအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့် လူသားများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**“ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံနယ်ပယ် (၂) ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ ထို့ကြောင့်

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တစ်နိုင်ငံလုံးအမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၃၁ ဦးနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂)ခုလုံးကိုတန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့ နိုင်ငံသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို တန်ဖိုးထားထိန်းသိမ်းသည့် နိုင်ငံဖြစ်ကြောင်း၊ အမျိုးဘာသာ၊ သာသနာ၊ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးဖြစ်သည့်အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း။

**စိတ်ကောင်းစေတနာရှိရန်လို**

ဆုရ ကျောင်းသား ကျောင်းသူများ အပါအဝင် လူငယ်အားလုံးအနေဖြင့် **"အတ္တနှင့်ပရ"** မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်ကြောင်း၊ မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန် လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များသည် အသိပညာနှင့် အတတ်ပညာကို ဟန်ချက်ညီညီ ထိန်းညှိပြီး မိမိတို့၏ ရည်မှန်းထားသည့် ပန်းတိုင်ကို အရောက်သွားရန်လိုကြောင်း၊ **"အလိမ္မာစာမှာရှိ"**ဆိုသည့် ဆိုရိုးစကားအတိုင်း စာအုပ်စာပေများ ဖတ်ရန်လိုကြောင်း၊ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်ပြီး အသိအမြင်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများ မှန်ကန်ကြရန်၊ အမှားအယွင်း မလုပ်မိကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကားပြောကြားစဉ်။

မျက်မှောက်ကာလသည် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနိုင်နေပြီဆိုသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို မျက်ခြည်မပြတ် လေ့လာကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မည်ဖြစ်ကြောင်း။

**ဥပဒေများကိုလေးစားလိုက်နာ**

လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလိုကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ဆုရ ကျောင်းသား ကျောင်းသူများကို မှာကြားလိုသည်မှာ ယခုကဲ့သို့ အောင်မြင်မှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းကြရန်၊ အသိပညာ၊ အတတ်ပညာနှင့် ဘဝကိုတည်ဆောက်ကြရန်၊ အမှားအမှန်၊ အဆိုးအကောင်းကို ခွဲခြားသိမြင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်မြင့်မားပြီး စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်၊ အသက်ရှင်နေသမျှကာလပတ်လုံးကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ရင့်ကျက်ပြည့်ဝသူများဖြစ်အောင်ကြိုးစားကြရန်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

တစ်နိုင်ငံလုံး အမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၁၁ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသားကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ၁၀ ဦးကို တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ကျေးဇူးတင်စကားပြောကြား**

ဆက်လက်၍ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ကျောင်းသား ကျောင်းသူများက **"လူချွန်လူကောင်း"** တေးသရုပ်ဖော်တင်ဆက်မှုဖြင့် လည်းကောင်း၊ "မြန်မာ့ကျောင်း" တေးသီချင်းကိုသီဆို၍ လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တစ်နိုင်ငံလုံးအမှတ်အများဆုံး ကျောင်းသား ကျောင်းသူ ၃၁ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

## အကြိမ် (၂၀) မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပဲခူး ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် အကြိမ် (၂၀) မြောက် လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းအား သွားရောက် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေး စောင့်ရှောက်မှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတ အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု ခံယူကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားပြီး (ဝဲပုံ) လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာရေးနှင့်ပတ်သက်၍ အရည်အသွေး ပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင်အသက်ရှည်စွာ နေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေး စောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ထောက်ပံ့ပေးလျက်ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ဥဿာမြို့သစ်၌ ပဲခူးမြို့နယ် ရဲဝန်ထမ်းဟောင်းရုံး ဆောက်လုပ်နေမှုအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ပဲခူးမြို့ အရှေ့ဘက်မြို့ရှောင်လမ်းနှင့် အနောက်ဘက် မြို့ရှောင်လမ်းသို့ ချိတ်ဆက်မည့် သမိန်ဗရမ်းလမ်းအား အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျေးလက် လမ်း၊ တံတားစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး



နေပြည်တော်    ဇူလိုင်    ၂၂

**ကျေးလက် လမ်း၊ တံတား စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

**အကျိုးရလဒ်များကိုမြန်မြန်ခံစားရရှိမည်**

အစည်းအဝေးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုင်ငံအတွင်း ကျေးလက် လမ်း၊ တံတားများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အားသွန်ခွန်စိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများနှင့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူရေး လုပ်ငန်းများကို တတ်နိုင်သမျှဆောလျင်စွာ ပြီးစီးရေး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီစေရေးကိုလည်း အလေးထားကြပ်မတ်သွားရန်လိုကြောင်း၊ သို့မှသာ ပြည်သူများအနေဖြင့် ဖွံ့ဖြိုးရေးအသီးအပွင့်များ၊ အကျိုးရလဒ်များကို မြန်မြန်ခံစားရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စဉ်ဆက်မပြတ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပေါင်းစပ်ဆောင်ရွက်ရန်ကိစ္စများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လမ်းတံတားလုပ်ငန်းများနှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုနှင့် ထူးချွန်ဆုများ ရရှိခဲ့သည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဆက်လက်ဆောင်ရွက်လျက်ရှိ**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း အရှည် ၄၃၉၉၇ မိုင်ကို တာဝန်ယူတည်ဆောက် ထိန်းသိမ်းလျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၃ ဘီလီယံဖြင့် လမ်းမိုင်ပေါင်း ၁၉၀၊ တံတား၊ ရေကျော်နှင့် Box Culvert ၁၆၉ စင်း၊ တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၁၀ ဒသမ ၇၄ ဘီလီယံဖြင့် လမ်းမိုင်ပေါင်း ၉၃၀၊ တံတား၊ ရေကျော်နှင့် Box Culvert ၁၀၇၂ စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကျေးရွာပေါင်း ၇၃၉၅ ရွာရှိ ဒေသခံ ပြည်သူ ၅ ဒသမ ၅၄ သန်းကို အကျိုးပြုနိုင်ခဲ့ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်လည်း လမ်း၊ တံတားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလုပ်အကိုင် (၅၂) မျိုးတွင် ဖြေဆိုသူ (၂၉,၂၀၃) ဦးအနက် (၂၆,၇၉၀) ဦးကို ကျွမ်းကျင်လုပ်သားအဖြစ် အသိအမှတ်ပြုခဲ့ပြီးဖြစ်

**နေပြည်တော် ဇူလိုင်    ၂၂**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) ၌ ကျင်းပသည်။ **(ယာပုံ)**






အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC) နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေး ကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၂ ရက်အထိ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန (၂၆၇) ခု၊ စစ်ဆေးအကဲဖြတ်သူ (၈၅၇) ဦး၊ စစ်ဆေးရေးမှူး(၁၀၂) ဦး ကို အသိအမှတ်ပြုခဲ့ပြီး အလုပ်အကိုင် (၅၂) မျိုးတွင် ဖြေဆိုသူ (၂၉,၂၀၃) ဦးအနက် (၂၆,၇၉၀) ဦးကို ကျွမ်းကျင်လုပ်သားအဖြစ် အသိအမှတ်ပြုခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ဂဟေဆက် သင်တန်းအမှတ်စဉ် (၃/၂၀၂၄) ဖွင့်လှစ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ယူမှု အခွင့်အလမ်းများ တိုးတက်ရရှိစေရန်နှင့် ကောင်းမွန်သော အလုပ်အကိုင်များရရှိစေရေး သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန် မှာကြားပြီး သင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး၌ အာမခံ အလုပ်သမားများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် ရွှေ့လျားဆေးကုသယာဉ်အတွင်း ကျန်းမာရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ကပ်တုသွေးသန့်စင်ခန်းတွင် လူနာများအား စက်လေးလုံးဖြင့် ကုသပေးနေမှုကိုကြည့်ရှု၍ ကျောက်ကပ်ဆေးကြောသည့် လူနာများကို အလှူငွေများပေးအပ်ကာ ပြင်ပလူနာဌာနတွင် လာရောက်ကုသသည့် အာမခံအလုပ်သမားများအား ကြည့်ရှုအားပေးသည်။

အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကျုံးဝင်အာမခံ အလုပ်သမားပေါင်း (၉၀၉,၉၅၆) ဦးအတွက် လူမှုဖူလုံရေးဆေးခန်း (၁၃) ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း (၃၉) ခန်း၊ Capitation Payment စာချုပ် ဆေးခန်း (၅ခန်းနှင့် Specialist OG OPD ပြသနိုင်သော ဆေးခန်း(၃၂)ခန်း၊ မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ၊ ဆေးခန်း (၁၁) ခန်းဖြင့် ဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ လူနာဦးရေ (၆၉,၆၃၁) ဦးကို ဆေးဖိုးငွေကျပ် သန်းပေါင်း (၄,၃၁၉ ဒသမ ၆၃၉) ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ **(ဝဲပုံ)**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှု အောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၂၆ ရက်အထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများ လာရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၂

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။**





အဆိုပါအဖွဲ့ကို တာဝန်ရှိသူများနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန်အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အုပ်ထိန်းသူမိဘများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး အဂ္ဂါဓိပတိသာသနဒ္ဓဇ ဗိမာန်တော်နှင့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပါရီအိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ပြည်ပထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၂**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ကျင်းပမည့် ပါရီအိုလံပစ် အားကစားပြိုင်ပွဲသို့ ရေကူးအားကစားနည်းမှ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ အားကစားသမားတစ်ဦးနှင့် ကြက်တောင်အားကစားနည်းမှ အုပ်ချုပ်သူတစ်ဦး၊ အားကစားသမားတစ်ဦး၊ စုစုပေါင်း ငါးဦးတို့သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိဘဆွေမျိုးများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

**အောင်နိုင်ဝင်း (အား /ကာ)**



## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၀ ဦး တွေ့ရှိ

(၂၂-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၄-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၄,၉၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❊ *ကျောဖုံးမှ*

အလျား ၁၅ ပေ၊ အနံ ၃ ပေခန့်နှင့် အဆိုပါနေရာ၏ အထက်ဘက်တွင် အလျားပေ ၁၂၀၊ အနံ ၅ ပေခန့်သည် ကမ်းပါးအပေါ်ပိုင်းများ ပဲ့ကျမှုဖြစ်ပွားခဲ့ရာ အဆိုပါ ကမ်းပြိုမှုဖြစ်ပွားခဲ့သည့် နေရာ နှစ်နေရာတွင် ကမ်းပါးများကို Geotextile များဖြင့် ကာကွယ်ခြင်း၊ သစ်ကိုင်းများချထားခြင်း၊ ရေတောင်ဝှေးများချထားခြင်းနှင့် ဝါးဖောင်များ ချထားခြင်းတို့ကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီ ကာလတွင် ရေတိုက်စားကမ်းပြိုမှုများနှင့် ပတ်သက်၍ စောင့်ကြည့်ပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

၆ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် ကာဆူကာအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် လာအိုကလပ် Young Elephant အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင် ၁၇ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမအကျော့တွေ့ဆုံမှုတွင် ရှမ်းယူနိုက်တက်အသင်းက အဝေးကွင်း၌ တစ်ဂိုးစီသရေကျခဲ့ပြီး ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းမှာမူ အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ကာဆူကာအသင်းတို့မှာမူ ပထမအကျော့တွင် သရေကျခဲ့သဖြင့် နှစ်သင်းစလုံးအခွင့်အရေးရှိနေပြီး အိမ်ကွင်း ကစားရမည့် ရှမ်းယူနိုက်တက်အသင်းက အနည်းငယ်အသာရလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် ခြေအသာဖြင့် ကစားနိုင်သော်လည်း အခွင့်အရေးများ အသုံးမချနိုင်သဖြင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ရှမ်းယူနိုက်တက် အသင်းသည် အိမ်ကွင်း၌ အနိုင်ကစားနိုင်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အဝေးကွင်း၌ အနိုင်ရခဲ့သည့် Svay Rieng အသင်းသည် အိမ်ကွင်း ကစားရမည်ဖြစ်သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် အလားအလာ ကောင်းလျက်ရှိသည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည် ကျင်းပခြင်းဖြစ်ပြီး ခြေစစ်ပွဲအောင် နှစ်သင်းသည် နောက်ဆုံးအဆင့် အုပ်စု (က) သို့ ကျရောက်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက ထိုင်းကလပ် BG ပါသွန်ယူနိုက်တက် အသင်း၊ မလေးရှားကလပ် တီရန်ဂါနူး အသင်း၊ အင်ဒိုနီးရှားကလပ် မာကာဆာအသင်း၊ ဗီယက်နမ်ကလပ် ထန်ဟွာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်မည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ – SUFC**

◆ *ကျောဖုံးမှ*

ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။ ဘော်ဂတ်စ်သည် ဆီဇင်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်တွင်လည်း ပြိုင်ဘက်ကာဇက် စတန်တင်းနစ်ကစားသမား စခါတော့ဗ်နှင့် အာဂျင်တီးနား တင်းနစ်ကစားသမား သီယာဂို အော်ဂတ်စတင်တို့ကို နှစ်ပွဲပြတ် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သူ ဖြစ်သည်။

ပွဲအပြီးတွင် နာဒယ်က ပြင်သစ်အိုးပင်းပြိုင်ပွဲက ယခုနှစ်အတွက် အဓိက ပန်းတိုင်ဖြစ်ကြောင်း ပြောသည်။ ၎င်းသည် ပြင်သစ်အိုးပင်းဖလားကို (၁၄) ကြိမ် ဆွတ်ခူးရရှိထားသည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပမည့် အိုလံပစ်တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၇ ရက်တွင် စတင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

ဥတုရာသီ တောကိုမှီ၏

## ငါးသိုင်းချောင်းမြို့ တောင်ဝှေးထောက်ကျေးရွာတွင် သစ်ပင်ပြိုလဲမှုကြောင့် နေအိမ်သုံးလုံးပျက်စီး

**ငါးသိုင်းချောင်း ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ သရက်ချောင်းအုပ်စု တောင်ဝှေးထောက်ကျေးရွာတွင် ယနေ့ မွန်းလွဲ နှစ်နာရီက ရေကြီးမှုကြောင့် မြေသားနူးကာလုံးပတ် ၂၁ ပေခန့်ရှိ ကုက္ကိုလ်ပင် ပြိုလဲကျမှုကြောင့် နေအိမ် သုံးလုံး ပြိုကျပျက်စီးခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက အဆိုပါနေအိမ်များရှိ အိမ်ထောင်စုဝင်များအား ဝိုင်းဝန်းကူညီပြီး နီးစပ်ရာ ဆွေမျိုးသားချင်းများ၏ အိမ်ခြံအလွတ်များအတွင်း ယာယီပြောင်းရွှေ့ နေရာချထားပေးထားသည်။ အဆိုပါဖြစ်စဉ်တွင် နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး လူ့အသက်အန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။ **ငါးသိုင်းချောင်း (ပြန်/ဆက်)**

# ကံ၊ ဉာဏ်၊ ဝီရိယတို့ကို ပေါင်းစည်းပြီးတော့ တစိုက်မတ်မတ်နဲ့ ကြိုးစားသွားမယ်ဆိုရင် အောင်မြင်မှုနဲ့ ထိုက်တန်တဲ့ အသီးအပွင့်တွေကို ရရှိမှာဖြစ်ပါတယ်

မနှင်းကြယ်စင်ထွန်း

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပပေးခဲ့ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများအား ထိုက်တန်စွာ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ကြောင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတစ်ဝန်းလုံးမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိအောင် စာပေကြိုးစားလေ့လာဆည်းပူးခဲ့မှုနှင့် မိမိတို့ ကြိုးစားခဲ့မှုရလဒ်အပေါ် နိုင်ငံတော်မှ အသိအမှတ်ပြု၍ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှောက်ပေးမှုအပေါ် ခံစားရသည့် ဝမ်းသာပီတိစကားသံများကို ရေးသား မျှဝေတင်ပြပေးလိုက်ရပါသည်။


မောင်မင်းခန့်ဗိုလ်


မနှင်းကြယ်စင်ထွန်း


မောင်အောင်ကောင်းပြည့်


ဒေါ်သက်သက်သင်း


ဒေါ်သင်းနုနုစိန်

**မောင်မင်းခန့်ဗိုလ်**
**(ဘာသာစုံဂုဏ်ထူးရှင်၊ မြန်မာတစ်နိုင်ငံလုံးသိပ္ပံဘာသာတွဲ ပထမအမှတ်အများဆုံးရရှိသူ)**

ကျွန်တော် ဘာသာစုံဂုဏ်ထူးနဲ့ အမှတ်အများဆုံးဖြစ်အောင် သေသေချာချာ တစိုက်မတ်မတ် ကြိုးစားခဲ့ပါတယ်။ တစ်နေ့စာ တစ်နေ့ပြီးအောင် လေ့လာကျက်မှတ်ပါတယ်။ အထပ်ထပ်အခါခါ လေ့ကျင့်ခန်းတွေ ပြန်လည် လေ့ကျင့်ပါတယ်။ ကျောင်းက ဆရာ ဆရာမတွေရဲ့ သင်ကြားလမ်းညွှန်မှု၊ မိဘတွေရဲ့ အားပေးမှုတွေနဲ့ သေသေချာချာ ကြိုးစားခဲ့ပါတယ်။ အခုလို ဘာသာစုံထူးချွန်သူတွေကို နိုင်ငံတော်အဆင့် အခမ်းအနားနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်က ဆေးတက္ကသိုလ်တက်ဖို့ ရည်ရွယ်ထားပါတယ်။ နိုင်ငံတော်က အားထားရတဲ့ ဆရာဝန်တစ်ယောက် အဖြစ် တာဝန်ထမ်းဆောင်ဖို့ စီစဉ်ထားပါတယ်။ ကိုယ်ကသာ ကြိုးစားအားထုတ်မှု ရှိမယ်ဆိုရင် အောင်မြင်မှုဆိုတာက ကြိုးစားရင် ကြိုးစားသလောက် ရရှိနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်ကြိုးစားခဲ့သမျှ အရာအားလုံးက နောင်တစ်ချိန်မှာ ထိုက်သင့်သလောက် အရာထင်ကျန်စေမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ညီလေး၊ ညီမလေးတွေကလည်း ဘာသာစုံဂုဏ်ထူးတွေနဲ့ နိုင်ငံတော်အတွက် အားကိုးရတဲ့ သူတွေဖြစ်အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**မနှင်းကြယ်စင်ထွန်း**
**(ဘာသာစုံဂုဏ်ထူးရှင်၊ မြန်မာတစ်နိုင်ငံလုံးသိပ္ပံဘာသာတွဲ ဒုတိယအမှတ်အများဆုံးရရှိသူ)**

၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲမှာ မြန်မာတစ်နိုင်ငံလုံးအနေနဲ့ ရမှတ်အများဆုံး ဒုတိယဆုရရှိထားတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အထက(၁) ဒဂုံကျောင်းမှာ ပညာသင်ကြားခဲ့ပါတယ်။ ကျွန်မ ကြိုးစားပြီးရခဲ့တဲ့ ရလဒ်ကို အသိအမှတ်ပြုဂုဏ်ပြုပွဲကို တက်ရောက်ရတဲ့အတွက် အတိုင်းမသိ ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ KG+12 စနစ်သစ်ဖြစ်တဲ့အတွက် မေးခွန်းဟောင်းလည်း မရှိခဲ့တဲ့အတွက် သေသေချာချာ လေ့လာမှတ်သား ကြိုးစားခဲ့ရပါတယ်။ နားမလည်တဲ့ သင်ခန်းစာတွေဆိုရင်လည်း ဆရာ ဆရာမတွေကို မေးမြန်းပြီး လေ့ကျင့်ပါတယ်။ တစ်နေ့စာ တစ်နေ့ကိုလည်း ပြတ်အောင် လေ့ကျင့်ပါတယ်။ ကျန်းမာရေးကိုလည်း အထူးဂရုစိုက်ပြီး လေ့ကျင့်ခဲ့တဲ့အတွက် အခုလို ထူးချွန်ခဲ့တာဖြစ်ပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ကတော့ ဆရာဝန်ကောင်း တစ်ယောက် ဖြစ်ချင်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူပြည်သားတွေရဲ့ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ထူးချွန်တဲ့ဆရာဝန်ကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ ရည်မှန်းထားပါတယ်။ မောင်လေး၊ ညီမလေးတို့ကို ပြောချင်တာကတော့ စနစ်သစ်ဖြစ်တဲ့အတွက် အထူးဂရုစိုက်ရမယ်လို့ ပြောချင်ပါတယ်။ ကံ၊ ဉာဏ်၊ ဝီရိယတို့ကို ပေါင်းစည်းပြီးတော့ တစိုက်မတ်မတ်နဲ့ ကြိုးစားသွားမယ်ဆိုရင် ကိုယ့်ရဲ့ အောင်မြင်မှုနဲ့ထိုက်တန်တဲ့ အသီးအပွင့် အောင်မြင်မှုတွေကို ရရှိမှာ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**မောင်အောင်ကောင်းပြည့်**
**(ဘာသာစုံဂုဏ်ထူးရှင်)**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူး ထွက်ရှိဖို့အတွက် ဘာသာစုံအလိုက် လေ့လာကျက်မှတ်ရပါတယ်။ စာသင်နှစ်အစကတည်းက တစိုက်မတ်မတ်နဲ့ လေ့ကျင့်သင်ယူရပါတယ်။ လူရည်ချွန်စာမေးပွဲနဲ့ တက္ကသိုလ်ဝင်စာမေးပွဲ ပါဖြေဆိုတဲ့အတွက် နှစ်ဖက်စလုံးကို မလစ်ဟင်းရအောင် တော်တော်လေး ကြိုးစားခဲ့ရပါတယ်။ အခုလို ဘာသာစုံ ဂုဏ်ထူးရှင်တွေကို နိုင်ငံတော်အဆင့် အခမ်းအနားနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော် အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာသာစုံဂုဏ်ထူးထွက်အောင် ကြိုးစားခဲ့ရတာကို အသိအမှတ်ပြုပေးတဲ့အတွက် အလွန်ဝမ်းသာဂုဏ်ယူဖြစ်ရပါတယ်။ ခြောက်ဘာသာ ဂုဏ်ထူးရှင်လူရည်ချွန်တစ်ယောက်အနေနဲ့ အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားရတဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်တွေကို တစ်ထောင့်တစ်နေရာကနေ ပါဝင်သယ်ပိုးနိုင်တဲ့ နိုင်ငံသားကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ညီလေး၊ ညီမလေးတွေ အနေနဲ့လည်း ကြိုးစားကြပါ၊ ကြိုးစားမှုနဲ့ ထိုက်တန်တဲ့ ဂုဏ်ပြုပွဲတွေကိုလည်း နိုင်ငံတော်က ကျင်းပပေးနေတဲ့အတွက် နိုင်ငံတော်အတွက် အားကိုးအားထားရတဲ့လူငယ်တွေ ဖြစ်အောင် ဖွဲ၊ လုံ့လ၊ ဝီရိယထားကြပါလို့ ပြောချင်ပါတယ်။

**ဒေါ်သက်သက်သင်း (ကျောင်းအုပ်ဆရာမကြီး၊ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း)**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးနဲ့ ထူးချွန်စွာ အောင်မြင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူ ၅၀၇ ဦး ရှိပါတယ်။ ယခင်နှစ်တုန်းကလည်း ဘာသာစုံဂုဏ်ထူးရရှိတဲ့ ကျောင်းသား ကျောင်းသူတွေရှိပါတယ်။ ဒီတစ်ခါမှာတော့ ခြောက်ဘာသာ ဂုဏ်ထူးရှင်တွေ အမြောက်အမြား ထွက်ရှိတဲ့အတွက် ကျောင်းသားတွေရဲ့ ထူးချွန်မှုကို အင်မတန် ဝမ်းသာဂုဏ်ယူပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင်တွေ အကုန်လုံးကို စုစုစည်းစည်းနဲ့ တစ်နေရာတည်းမှာ နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ဆုချီးမြှင့်တဲ့အတွက် ကျောင်းသားကျောင်းသူအားလုံးကလည်း အားကျစိတ်၊ ဂုဏ်ယူစိတ်၊ အတုယူစိတ်၊ ကြိုးစားချင်စိတ်တွေ ဖြစ်လာမယ်လို့ ထင်ပါတယ်။ နိုင်ငံတော်ကလည်း ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုပေးတယ်။ ကျောင်းသား ကျောင်းသူတွေကလည်း ဘာသာစုံဂုဏ်ထူးရမှချီးမြှင့်ခံရတာ ဖြစ်တဲ့အတွက် ခြောက်ဘာသာလုံးကို ကြိုးစားလာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်သင်းနုနုစိန် (ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)**

ဒီနေ့အခမ်းအနားက တစ်နိုင်ငံလုံးမှာ ဘာသာစုံဂုဏ်ထူးရရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို နိုင်ငံတော်အဆင့် ဂုဏ်ပြုဆုချီးမြှင့်ပေးတာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို ဒီလို ဂုဏ်ပြုဆုချီးမြှင့်တဲ့ အခမ်းအနားကို ကျင်းပပေးတဲ့အတွက် ပညာကို ဆက်လက်သင်ယူလိုစိတ်၊ ကြိုးစားအားထုတ်လိုစိတ် ပိုမိုဖြစ်ထွန်းလာစေပြီး နိုင်ငံ့သားကောင်းတွေဖြစ်ပေါ်လာဖို့အတွက် ရည်ရွယ်ပြီး ကျင်းပခြင်း ဖြစ်ပါတယ်။ ဒီလို အခမ်းအနားနဲ့ ဘာသာစုံ ဂုဏ်ထူးရှင်တွေကို ဆုချီးမြှင့်တဲ့အတွက် တခြား ကျောင်းသား ကျောင်းသူတွေကလည်း လေးစားအားကျပြီး ပိုကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာစေဖို့အတွက် ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ဘာသာစုံဂုဏ်ထူးရှင်တွေက ၅၀၇ ဦးရှိပြီး အကြောင်း အမျိုးမျိုးကြောင့် မတက်ရောက်နိုင်သူတွေ ရှိတဲ့အတွက် ၄၇၇ ဦး တက်ရောက်မှာ ဖြစ်ပါတယ်။ ဒီလို နိုင်ငံတော်အဆင့် အခမ်းအနားနဲ့ ဆုချီးမြှင့်လိုက်တဲ့အတွက် ကျောင်းသားကျောင်းသူတွေအားလုံး အထောက်အပံ့တွေ အများကြီးရရှိစေပါတယ်။ ကျောင်းသား ကျောင်းသူအားလုံးက မူလတန်းကတည်းက အထက်တန်းအထိ တစိုက်မတ်မတ်နဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ ရည်ရွယ်ချက်ရှိရှိ ကြိုးစားအားထုတ်လာတဲ့ ကလေးတွေ ဖြစ်ပါတယ်။ ဒီလိုအခမ်းအနားကြီး တစ်ခုနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် စိတ်ခွန်အားတွေဖြစ်ပြီး ပိုပြီးကြိုးစားချစ်စိတ်တွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ဒီလိုထူးချွန်ထက်မြက်တဲ့ လူငယ်တွေ ပေါ်ထွန်းလာပြီဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်တဲ့ လုပ်ငန်းတွေမှာ ပိုပြီး အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - အေးအေးတီ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား "** အစီအစဉ်မှ **"ဥပဒေမရှိ လက်နက်အားကိုးနဲ့ အာဏာပြ ဖိနှိပ်ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြန်လည်တည်ဆောက်ရေးနဲ့ တည်ငြိမ်လာပြီဖြစ်တဲ့ လွိုင်ကော်မြို့ကို ကြည့်ပြီး တပ်မတော်နဲ့ အကြမ်းဖက် ဘယ်သူကတိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွက် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# နမ့်ခင်မှသည် ရှမ်းအရှေ့တစ်လွှားဆီသို့ ....

*တင့်ဝေ(နမ့်ခင်)*

**ကြည်လင်အေးမြစွာ တသွင်သွင်စီးဆင်းနေသော နမ့်ခင်ချောင်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ခင်းတို့တွင် ကျိုင်းဖောင်းနှင့် ဆက်စပ်ရွာသားတချို့ ပျော်ရွှင်စွာ တက်ညီလက်ညီလှုပ်ရှားနေကြသည်။ သူတို့သည် တစ်ခါဖူးမျှမကြုံခဲ့ဖူးသော ခံစားမှုများဖြင့် ကြည်နူးဝမ်းသာနေကြပြီး သူတို့သည် နမ့်ခင်ချောင်း ဘေးတစ်ဖက်စီတွင် မစိုက်ခဲ့ဖူးသော ဆောင်းသီးနှံများ၊ ထူးဆန်းအံ့သြဖွယ် လှပစွာယိမ်းနွဲ့မြူးတူးလှုပ်ခါနေသော စိမ်းစိမ်းစိုစို စပါးပင်များကို ပီတိလွှမ်းသောအပြုံးများဖြင့် ပြုံစုနေကြသည်ကို ကြည်နူးဖွယ်မြင်နေရပါသည်။**

သူတို့ဆိုသည်ကား ကျိုင်းဖောင်း၊ ဝမ်ပုံ၊ ဝမ်လောက်၊ ဝမ်နားခမ်း၊ ဆွန်နော်ခမ်း၊ ဝေါ်ခုတ်နှင့် ကျန်စက်ကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသား တောင်သူဦးကြီးများနှင့် သူတို့၏ မိသားစုဝင်များ ဖြစ်ကြသည်။ သူတို့ ဒီမြေပေါ်မှာ မိုးစပါးစိုက်ပျိုး လုပ်ကိုင်နေခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့။ အခြားသီးနှံများ သီးထပ်၊ သီးညှပ် မစိုက်ခဲ့ကြ။ စိုက်ရန်လည်း စိတ်ကူးမရှိခဲ့ကြ။ မိုးစပါးစိုက်ပျိုးမှုဖြင့်သာ ရောင့်ရဲတင်းတိမ်ပြီး ကျေနပ်နေခဲ့ကြသည်။ ယခုတော့ မိုးစပါးတစ်ခုတည်းသာ မဟုတ်တော့ဘဲ နွေစပါး၊ ဆောင်းရာသီ သီးနှံမျိုးစုံတို့ကို စိုက်ပျိုး လုပ်ကိုင်လာနိုင်ကြပြီဖြစ်သည်။ ဤသည်ကား နမ့်ခင်ချောင်း ဆိုလာရေတင်စနစ်၏ အကျိုးရလဒ်များပေတည်း။



ကျိုင်းတုံမြို့ နမ့်ခင်ချောင်း ဝဲ/ယာ ဆိုလာရေတင်စနစ် ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းစစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

### ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်း ဆိုလာရေတင်စနစ် ဖြစ်ပေါ်လာပုံ

နမ့်ခင်ချောင်းဆိုလာရေတင်စနစ် စတင်ဆောင်ရွက်ခဲ့သည့်အကြောင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခရီးစဉ်တွင် **"ကျိုင်းတုံမြို့နယ်၊ နမ့်ခင်ချောင်း ဝဲ/ယာ တစ်လျှောက်တွင် ရေစုရှိ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ရန်"** လမ်းညွှန်ခဲ့ပါသည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရန် **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ပြည်သူများ အတွက် လူမှုစီးပွားဘဝ မြင့်မားလာစေမည့် စေတနာမွန်**ပင်ဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆိုလာရေတင်စနစ်ကို နှစ်နေရာဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်း ဆိုလာရေတင်စနစ်ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄ ခုနှစ် မတ်လ ဒုတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ မတ်လကုန်တွင် စတင်လည်ပတ်နိုင်ခဲ့သည်။ ဤလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် အထွေထွေ ပိုလျှံရန်ပုံငွေ (GRF) မှ ခွင့်ပြုရန်ပုံ ငွေကျပ်သန်း ၁၀၉ ဒသမ ၂၀ ဖြင့် နမ့်ခင်ချောင်း၏ တစ်ဖက်စီတွင် ဆိုလာရေတင်စနစ် နှစ်ခုကို ဆောင်ရွက်ပေးခဲ့ပါသည်။

ဆိုလာပြားတစ်ချပ်လျှင် ၄၅၀ ဝပ်ဖြင့် ဆိုလာပြား ၃၂ ချပ်မှ ၁၄၄၀၀ ဝပ် (၁၄ ဒသမ ၄ KW) ဖြင့် ဆိုလာပန့် (10HP-၂ စုံ)ဖြင့် ချောင်းစပ်ရေခေါ်မြောင်းမှ တစ်နာရီလျှင် ရေဂါလန် ၂၉၀၀၀ နှုန်းဖြင့် စုပ်ယူပြီး လေးလက်မပိုက်လိုင်း အရှည်ပေ ၄၀၀၀ မှတစ်ဆင့်၊ နှစ်လက်မပိုက်များ တိုင် ၂၀ ထုတ်ယူပြီး စိုက်ပျိုးခင်းများသို့ အလှည့်ကျ ရေဖြန့်ဝေပေးသည့်စနစ်ဖြစ်၍ နေရောင်ခြည် အလုံအလောက်ရရှိသည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ခြောက်နာရီတွင် (ချောင်းတစ်ဖက်စီ၌) ရေဂါလန် ၁ သိန်း ၇ သောင်းခန့် စိုက်ပျိုးရေပေးဝေနိုင်သဖြင့် နမ့်ခင်ချောင်းတစ်ဖက်စီတွင် စိုက်ပျိုး ဧက ၃၀ စီ၊ **နှစ်ဖက်ပေါင်း ဧက ၆၀** ကို လုံလောက်စွာ ရေဖြန့်ဝေပေးနိုင်သည်ကို တွေ့ရပါသည်။

### အကျိုးပြုပေးနိုင်မှုအခြေအနေ

ကျေးရွာအုပ်စု နှစ်ခုဖြစ်သည့် ကျိုင်းဖောင်းအုပ်စုနှင့် လွယ်လုံအုပ်စုတို့မှ ကျေးရွာ ခုနစ်ရွာ၊ ကျေးရွာများမှ တောင်သူ ၃၃ ဦးတို့၏ နမ့်ခင်ချောင်းတစ်ဖက်စီတွင်ရှိသော စိုက်ပျိုးမြေ ဧက ၆၀ မှာ မိုးစပါး စိုက်ပျိုးရိတ်သိမ်းပြီးပါက အေးဆေးစွာ အနားယူတတ်သော တောင်သူဦးကြီးများမှာ ယခုတော့ မြေကိုအနားမပေးလို၊ စက်သုံးဆီမကုန်ဘဲ ရနေသောရေကို အကျိုးရှိရှိအသုံးချရန် ဆန္ဒများ ပြင်းပြနေကြပြီဖြစ်သည်။ မိုးစပါး (မှော်ဘီ-၃၊ ရွှေရင်အေးမျိုး)တို့ဖြင့် တစ်ဧက စပါးတင်း ၇၅ တင်း ကျော်နှုန်း ထွက်ရှိခဲ့ပြီး နွေစပါး(ရွှေရင်အေးမျိုး) ကို ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးခဲ့ရာ တစ်ဧက စပါးတင်း ၈၀ ကျော် ထွက်ရှိခဲ့ကြပြီးသည့်တိုင် မကျေနပ်နိုင်သေး။ ဆောင်းရာသီတွင် ဆောင်းသီးနှံများဖြစ်သည့် ရွှေဖရုံ၊ ဂေါ်ရခါး၊ ခရမ်းချဉ်၊ ပြောင်း၊ ချဉ်ပေါင်၊ အာလူး၊ ရွှေပဲရွက်၊ နံနံပင်၊ ငရုတ်၊ မေမြို့ပန်း စသည့်သီးနှံများကို တပျော်တပါးစိုက်ပျိုး ဖြစ်ထွန်းအောင်မြင်လျက် ဝင်ငွေတိုးတက်ရရှိနေကြပြီဖြစ်သည်။

ယခင်က နမ့်ခင်ချောင်းမှ ရေကို နွေရာသီ၊ ဆောင်းရာသီတို့တွင် အကျိုးရှိစွာ မသုံးတတ်ကြဘဲ ရေတင်ရာတွင်လည်း ကုန်ကျမည့် ဒီဇယ်တန်ဖိုးနှင့် မကိုက်၊ လုပ်အားဆုံးရှုံးမှု၊ အချိန်ဆုံးရှုံးမှုတို့သာ ရှိမည်ဟု ဆိုခဲ့ကြဖူးသည်။ ယခုတော့ ရေတင်ရန် လိုအပ်သည့် နွေရာသီကာလ နွေစပါး တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀ ခန့်နှင့် ဆောင်းရာသီကာလ ဆောင်းသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀ ခန့် စက်သုံးဆီကုန်ကျစရိတ်များ သက်သာသွားသည့်အတွက် ကျေးရွာတောင်သူများက ဆိုလာရေတင်စနစ်ကို အကျိုးရှိရှိ အသုံးချတတ်နေပြီဖြစ်သည်။

နမ့်ခင်ချောင်း ဆိုလာရေတင်စနစ်ဖြင့် တစ်ဖက်လျှင် စိုက်ပျိုးမြေ ဧက ၃၀ စီဖြင့် နှစ်ဖက်ပေါင်း ဧက ၆၀ တွင် ယခုလက်ရှိစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော စိုက်ပျိုးသီးနှံများအနေဖြင့် နွေသီးနှံအဖြစ် နွေစပါး (ရွှေရင်အေးမျိုး)၊ မိုးသီးနှံအဖြစ် မိုးစပါး(မှော်ဘီ-၃)၊ ဆောင်းရာသီတွင် ဆောင်းသီးနှံအဖြစ် ရွှေဖရုံ၊ ဂေါ်ရခါး၊ ခရမ်းချဉ်၊ ပြောင်း၊ ချဉ်ပေါင်၊ အာလူး၊ ရွှေပဲရွက်၊ နံနံပင်၊ ငရုတ်နှင့် သီးနှံစုံ၊ မေမြို့ပန်းတို့ကို သီးထပ်သုံးသီး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိပါသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မှု

ထိုကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ၂၀၂၃ ခုနှစ် မေလ ဒုတိယပတ်တွင် လာရောက်ကြည့်ရှုအားပေးကာ သမဝါယမဦးစီးဌာနမှ ယူရီးယားနှင့် ပုလဲဓာတ်မြေဩဇာ စသည့်သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ ပြည်ထောင်စုရန်ပုံငွေဖြင့် (CK 2810)နှင့် ပြည်နယ်ရန်ပုံငွေဖြင့် (DF 3510) ထွန်စက်နှစ်စီးတို့ကို တန်ဖိုး ၅၀ ရာခိုင်နှုန်းလျှော့ချ၍ အရစ်ကျရောင်းချသည့်စနစ်ဖြင့် တောင်သူများသို့ ပံ့ပိုးအားဖြည့်ပေးခြင်းနှင့် သမဝါယမအသင်းစုများ စုပေါင်းဖွဲ့စည်းပေးခြင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှလည်း နမ့်ခင်ချောင်း ဆိုလာရေတင်စနစ်နှစ်ခုအတွက် ချောင်းရေများ စုပ်ယူနိုင်ရန် ချောင်းအလယ်တွင် ရေတားတမံ တည်ဆောက်ခြင်း၊ ရေစုပ်ဘီလူခေါင်းချသည့်နေရာတွင် ရေခေါ်မြောင်းပြုလုပ်ပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးနည်းစနစ်၊ မြေဩဇာကျွေးခြင်း၊ စနစ်တကျရေသွင်းပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်တတ်စေရေးတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

### မိုင်းခတ်မြို့နယ် တောင်သုံးလုံးကျေးရွာ ဆိုလာရေတင်စနစ်

နမ့်ခင်ချောင်း ဆိုလာရေတင်ဆောင်ရွက်နေချိန်နှင့်တစ်ပြေးညီကာလတွင် မိုင်းခတ်မြို့နယ် တောင်သုံးလုံးကျေးရွာ ဆိုလာရေတင်စနစ်ကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်(မွမ်းမံ)ရန်ပုံငွေမှ ငွေကျပ် ၄၄ ဒသမ ၂ သန်းဖြင့် ၄၅၀ ဝပ်ဆိုလာ ၂၆ ချပ်၊ 7.5 HP ဆိုလာပန့်တို့ဖြင့် ဆိုလာရေတင်စနစ်ကို နမ့်လွေချောင်းဘေးတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တောင်သုံးလုံးရွာမှ တောင်သူများလည်း ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ယခင်တစ်သီးတည်း စိုက်ပျိုးကြရာမှ ယခုအခါမိုးသီးနှံအဖြစ် ရွှေရင်အေး၊ ပုလဲသွယ်၊ ခေါက်မွှန်သောက်မျိုး စပါးမျိုးများ၊ နွေသီးနှံအဖြစ် ရွှေရင်အေးစပါးမျိုး၊ ဆောင်းသီးနှံအဖြစ် နေကြာ၊ မြေပဲ၊ ကြက်သွန်နီ၊ ကုလားပဲ၊ မုန်ညင်း၊ နံနံပင်၊ ဆလတ်တို့ကို သီးထပ်သုံးသီး တိုးချဲ့စိုက်ပျိုးလာနိုင်ခြင်းကြောင့် ဝင်ငွေများ တိုးတက်ရရှိလာခဲ့ကြပြီဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*



ဆိုလာရေတင်စနစ်ဖြင့် ရေစင်ကို ရေတင်နေသည့် မြင်ကွင်း။

- **ယခင်က နမ့်ခင်ချောင်းမှ ရေကို နွေရာသီ၊ ဆောင်းရာသီတို့တွင် အကျိုးရှိစွာ မသုံးတတ်ကြဘဲ ရေတင်ရာတွင်လည်း ကုန်ကျမည့် ဒီဇယ်တန်ဖိုးနှင့်မကိုက်၊ လုပ်အားဆုံးရှုံးမှု၊ အချိန်ဆုံးရှုံးမှုတို့သာရှိမည်ဟု ဆိုခဲ့ကြဖူးသည်။ ယခုတော့ ရေတင်ရန်လိုအပ်သည့် နွေရာသီကာလ နွေစပါးတစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀ ခန့်နှင့် ဆောင်းရာသီကာလ ဆောင်းသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀ ခန့် စက်သုံးဆီကုန်ကျစရိတ်များ သက်သာသွားသည့်အတွက် ကျေးရွာတောင်သူများက ဆိုလာရေတင်စနစ်ကို အကျိုးရှိရှိ အသုံးချတတ်နေပြီဖြစ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တက်ရောက်ကြည့်ရှု

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြသစ်တောများ စိမ်းလန်းစိုပြည်စေရန်၊ သဘာဝသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲနိုင်စေရန်နှင့် ရာသီဥတုမျှတစေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သစ်တောဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဇနီးတို့က ဦးဆောင်၍ တိုင်းဒေသကြီးဝန်ကြီးများက အထိမ်းအမှတ်သစ်ပင်များစိုက်ပျိုးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့စိုက်ပျိုးသည့် သစ်မျိုးများမှာ ခရေ၊ ငုရွှေဝါ၊ မအူ၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျည်းရှား၊ ယူကလစ်၊ မဟော်ဂနီသစ်မျိုး ၁၁ မျိုး စုစုပေါင်းပျိုးပင် ၅၀၅၈ ပင်ကျော် စိုက်ပျိုးခဲ့ကြကြောင်းနှင့် အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၂၅၀ တို့က စုပေါင်း၍ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

၂၈၅



# တောင်သူနှင့်စိုက်ပျိုးရေးဝန်ထမ်းများအား မြေဆီလွှာထိန်းသိမ်းရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်သင်ကြား

**မုံရွာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းမြေ၊ မျိုး၊ ပိုးရုံးဝင်း၌ မြေဆီလွှာထိန်းသိမ်းရေး နည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



ဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်မြင့်က အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ထွေးဝင်းက မြေအသုံးချရေးဆိုင်ရာ မြေဆီလွှာထိန်းသိမ်းခြင်း၊ မြေဆီလွှာပြုပြင်ခြင်းနှင့် မြေဆီလွှာထက်သန်ရေး လုပ်ငန်းများကို သိရှိနားလည်စေရန်၊ အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံအထွက်နှုန်းထိခိုက်နိုင်မှု လျော့နည်းစေရန်နှင့် မြေဆီလွှာ အစိုဓာတ်ထိန်းသိမ်းထားနိုင်ရေး၊ မြေဆီလွှာကျန်းမာရေး ကောင်းမွန်စေရေး၊ ပေါင်းမြက် နှိမ်နင်းနိုင်ရေးတို့အတွက် မြေဆီလွှာဖုံးအုပ်စိုက်ပျိုးခြင်း နည်းစနစ်များနှင့် အကျိုးကျေးဇူးများကို သိရှိနိုင်စေရန် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ မြေဆီလွှာထိန်းသိမ်းရေး နည်းပညာပေးသင်တန်းတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၀ အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးကွင်းသရုပ်ပြသ

**မြို့သစ် ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မင်းရပ်ကွက် ယင်းနားကုန်းကျေးရွာ တောင်သူ ဦးမောင်လှ၏ ကွင်းအမှတ် (၂၆၀၈ -ခ) ကွင်း၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

မြို့သစ်မြို့နယ်၏၂၀၂၄-၂၀၂၅ မိုးစပါး စိုက်ပျိုးရာသီတွင် ၆၄၁၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယနေ့အထိ ၂၃၂၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျန်ဧကများကိုလည်း လျာထားဧကပြည့်မီရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ကိုဇော်(ပြန်/ဆက်)**



## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

*စာမျက်နှာ ၁၀ မှ*

### ကျိုင်းတုံမြို့နယ် တုံဆီကျေးရွာတွင် ဆိုလာရေတင်စနစ်

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)၏ အနီးကပ်ကြီးကြပ်မှုဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၄၃ ဒသမ ၅၉ သန်းဖြင့် ကျိုင်းတုံမြို့နယ် တုံဆီကျေးရွာတွင် ဆိုလာရေတင်စနစ်ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ထိုစနစ်၏ ထူးခြားချက်မှာ ချောင်းရေတင်မဟုတ်ဘဲ မြေအောက်ပေ ၂၀၀ အနက်မှ ရေကို ဆိုလာရေတင်စနစ်ဖြင့် မောင်းတင်ခြင်းဖြစ်ပြီး အနက်ပေ ၂၀၀၊ အကျယ် လေးလက်မ ရေတွင်းတူးဖော်ခြင်း၊ ၅၄၀ ဝပ် ဆိုလာ ၁၀ ချပ်ဖြင့် 3HP ဆိုလာပန့်တပ်ဆင်ခြင်း၊ အမြင့် ၁၂ ပေ ရေဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းတို့ကို တည်ဆောက်အကောင်အထည်ဖော်ကာ စိုက်ပျိုးဧက ၁၁၀ သို့ ရောက်ရှိမည့် ရေမြောင်းအတွင်း စိုက်ပျိုးရေများ ပို့လွှတ်ပေးခြင်းဖြစ်ပါသည်။

### အကျိုးပြုပေးနိုင်မှု

တုံဆီကျေးရွာ ဆိုလာရေတင်စနစ်သည် တစ်နာရီလျှင် ရေဂါလန် ၃၀၀၀ အထိ ထွက်ရှိပြီး တစ်နေ့လျှင် နေရောင်ခြည်အလုံအလောက်ရရှိသည့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စုစုပေါင်း ခုနစ်နာရီတွင် ရေဂါလန်ပေါင်း ဂါလန် ၂၁၀၀၀ ကို စုပ်တင်ဖြန့်ဝေနိုင်ပါသည်။ တောင်သူ ၈၀ ၏ စိုက်ပျိုးဧက ၁၁၀ ကို အကျိုးပြုပေးလျက်ရှိပါသည်။ တောင်သူများ၏ အဓိကစိုက်ပျိုးသီးနှံများမှာ အာလူး၊ ခရမ်းသီး၊ ပဲတောင့် တို/ရှည်၊ ရွှေပဲသီး၊ မုန်ညင်း၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ဖြစ်ပြီး လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ၊ စိုက်ပျိုးမြေ၊ စိုက်ပျိုးရေ၊ စိုက်နည်းစနစ်များရရှိကာ အသုံးပြုသဖြင့် လှပဖွံ့ထွားသော သီးနှံထွက်ကုန်များကို ရွာအရောက်၊ စိုက်ကွင်းအရောက် ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် လက်ကားလာရောက်ဝယ်ယူနေကြသည်မှာ အားရကျေနပ်စရာပင်ဖြစ်ပါသည်။



### ထပ်မံတိုးချဲ့ဆောင်ရွက်မည့် ကျိုင်းတုံမြို့နယ် စန်ဆတ်ကျေးရွာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၄ ခုနှစ် မေလ ဒုတိယပတ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခရီးစဉ်တွင် အောင်မြင်နေသော နမ့်ခင်ဆိုလာ ရေတင်စနစ်ကို ကျိုင်းဖောင်း(နမ့်ခင်ချောင်း) ရေအသုံးပြု၍ ဆိုလာရေတင်စနစ် ဖြစ်ထွန်းအောင်မြင်မှုကို အသိအမှတ်ပြု ချီးကျူးခဲ့ပြီးနောက် **စန်ဆတ်ကျေးရွာ တောင်သူများအတွက် ထပ်မံဆောင်ရွက်ပေးရန်** ထပ်မံလမ်းညွှန်ခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသူ ကျေးရွာသား၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ကွင်းဆင်းတိုင်းတာနေကြပြီဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အားထုတ်မှု၊ စေတနာထားဆောင်ရွက်နေမှုတို့မှာ အားရစရာပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု စေတနာမွန်ဖြင့် စတင်ခဲ့သော ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်း၊ မိုင်းခတ်မြို့နယ် နမ့်လွေချောင်းတို့မှ အစပြု၍ ဆိုလာရေတင်စနစ်များ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာများ၏ သီးနှံမျိုးစုံထွက်ကုန်များ တိုးတက်ကာ ကျေးလက်နေပြည်သူများအတွက် ဝင်ငွေများ တိုးတက်လာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက်ရှိရာ ယခုအခါ စန်ဆတ်ကျေးရွာ ထပ်မံတိုးချဲ့ဆောင်ရွက်လာတော့မည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် အတိုင်းထက်လွန် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမျှော်လင့်နေကြမည်မှာ အမှန်ပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်းဆိုလာရေတင်စနစ်မှ အစပြု၍ မိုင်းခတ်မြို့နယ် တောင်သုံးလုံးကျေးရွာ၊ ကျိုင်းတုံမြို့နယ် တုံဆီကျေးရွာနှင့် ယခုအစပျိုးနေသည့် စန်ဆတ်ကျေးရွာများသာမက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တစ်ခွင်သို့ ဆိုလာရေတင်စနစ်လုပ်ငန်းများ ဆက်လက်ခြေဆန့်ပေဦးမည်ဖြစ်ရာ အဆိုပါဆိုလာရေတင်စနစ်များကြောင့် စိုက်ပျိုးထုတ်ကုန်များ တောင်လိုပုံကာ ဝင်ငွေများတိုးပွားလာပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း **"နမ့်ခင်မှသည် ရှမ်းအရှေ့တစ်လွှားဆီသို့"** ဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ဆောင်ရွက်မှု သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတက်ရောက်





နေပြည်တော် ဇူလိုင် ၂၂

**ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရန်နှင့် ခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာ အသုံးပြုနိုင်စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ တည်ဆောက်ရေး လုပ်ငန်း စိစစ်ဆောင်ရွက်မှု သင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေး၊ ရန်ပုံငွေများလျာထား သတ်မှတ်ရာတွင် အနီးစပ်ဆုံး၊ အမှန်ကန်ဆုံး တွက်ချက်လျာထားနိုင်ရေး၊ လုပ်ငန်းများ၏ ခန့်မှန်းခြေစာရင်းများ စနစ်တကျရေးဆွဲနိုင်ရေး၊ သုံးစွဲမည့် ပစ္စည်းများ မှန်ကန်မှု ရှိ၊ မရှိနှင့် အရည်အသွေး ပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးနိုင်ရေး၊ ညွှန်ကြားချက်များ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ရည်ရွယ်ချက်ဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက လိုအပ်ချက်နှင့် ညီညွတ်သော ဗိသုကာပုံစံများ၊ Structure ဒီဇိုင်းပုံစံများကို မြေပြင်အနေအထားအရ ကိုက်ညီစွာ ဆောင်ရွက်နိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော အရည်အသွေးမီ၊ စံချိန်စံညွှန်းမီ အဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ ရေသန့်ပိုင်းဆိုင်ရာ၊ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများကို မှန်ကန်စွာ စစ်ဆေးဆောင်ရွက်နိုင်ရေးနှင့် လက်တွေ့လုပ်ကိုင်နေရသော လုပ်ငန်းစဉ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်သည့်အတွက် သင်တန်းတက်ရောက်ခြင်းအားဖြင့် အကျိုးရှိသော ရလဒ်ကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ သင်တန်း တက်ရောက်သူများ အနေဖြင့် ကြိုးစားလေ့လာကြစေလိုကြောင်းနှင့် လက်တွေ့အသုံးချနိုင်ရန် ပြန်လည်ဖြန့်ဝေစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အဖွဲ့ဝင် ဝန်ကြီးဌာန (၁၂) ခုမှ သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ တစ်နှစ်ပတ်လုံးထွက်ရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံ ကုန်ကြမ်းများ တစ်နှစ်ပတ်လုံး ထွက်ရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ ကုန်ကြမ်းများ တစ်နှစ်ပတ်လုံးထွက်ရှိရေး တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံကုန်ကြမ်းများ အချိန်မီရရှိစေရေးနှင့် တစ်နှစ်ပတ်လုံး ထွက်ရှိစေရေးအတွက် ရေမြေသဘာဝနှင့် ကိုက်ညီသည့် ဆီထွက်သီးနှံစိုက်ပျိုးခြင်းပုံစံ (Cropping Pattern) ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လယ်၊ ယာ၊ ကိုင်း/ကျွန်း၊ ဥယျာဉ်ခြံ၊ သစ်တော၊ တောင်ယာ၊ အခြား စသည့် မြေအမျိုးအစားအလိုက် မိုးကောင်းသောက်၊ ဆည်ရေ၊ ရေတင် စသည့် ရေရရှိမှုနည်းလမ်းများကို အခြေခံပြီး ရေးဆွဲရမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူအသိပညာပေးစင်တာများတွင် စိုက်ပျိုးစွမ်းအား မြှင့်တင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။**(ဝဲပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်အတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ တစ်နှစ်ပတ်လုံး ထွက်ရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ တစ်နှစ်သုံးသီး စိုက်ပျိုးမည့် အစီအမံများ၊ စီမံကိန်းလျာထားချက်များ၊ ဆီထွက်သီးနှံ တစ်နှစ်ပတ်လုံး ကုန်ကြမ်းရရှိရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆည်ရေလှောင်တမံများအလိုက် ရေဝင်ရောက်မှု၊ ရေအလေအလွင့် ဆုံးရှုံးမှုနည်းပါးစေရေး၊ စိုက်ပျိုးရေ ပြည့်ဝစွာရရှိရေး၊ စိုက်ပျိုးရေရရှိနိုင်မည့် နည်းလမ်းများဖြင့် ဆောင်ရွက်နေမှု၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခြေခံပညာ ဆရာ／ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၆)နှင့် အုပ်ချုပ်မှုစွမ်းရည်မြှင့်မားရေးသင်တန်းအမှတ်စဉ် (၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာဆရာ/ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် အဆိုပါတက္ကသိုလ် ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီ၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။





ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ပညာတတ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ရသော အခြေခံပညာ ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ အနာဂတ် နိုင်ငံတော်အတွက် လူငယ်ထုကို ထုဆစ်ပုံဖော်ဆောင်ပေးမည့် ဆရာ ဆရာမများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်၍ ဆင်ခြင်တုံတရားနှင့် စွမ်းဆောင်ရည် မြင့်မားရန်၊ စေတနာ၊ ဝါသနာ၊ အနစ်နာကို အရင်းခံပြီး တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား၇၄ ဦး၊ သင်တန်းသူ ၃၁၅ ဦး စုစုပေါင်း ၃၈၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ပတ္တမြားခန်းမ၌ ကျင်းပသည့် အုပ်ချုပ်မှုစွမ်းရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၈) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် အဓိကဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ လုပ်ငန်း စွမ်းဆောင်ရည်မြှင့်မားရေး၊ ပြည်သူ့အတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတို့တွင် အထောက်အကူဖြစ်စေရေး ကြိုးစားလေ့လာသင်ယူကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၁၆၇ ဦး၊ သင်တန်းသူ ၅၆ ဦး စုစုပေါင်း ၂၂၃ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်သမ္မတရွေးကောက်ပွဲပြိုင်ပွဲမှ ဘိုင်ဒင်နုတ်ထွက်ပြီး ဒုတိယသမ္မတ ကာမလာဟားရစ်ကို ထောက်ခံ

**ဝါရှင်တန် ဇူလိုင် ၂၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် သမ္မတရွေးကောက်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ၎င်းသည် နိုဝင်ဘာလတွင် ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်ရန် ဒီမိုကရက်တစ်ပါတီ၏ကိုယ်စားလှယ်အဖြစ် ဒုတိယသမ္မတ ကာမလာဟားရစ်ကို ထောက်ခံလိုက်သည်။

သမ္မတဘိုင်ဒင်သည် တနင်္ဂနွေနေ့က ၎င်း၏ လူမှုကွန်ရက် X အကောင့်တွင် သမ္မတရွေးကောက်ပွဲမှ နုတ်ထွက်မှုနှင့်ပတ်သက်ပြီး ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် လက်ကျန်သမ္မတသက်တမ်းအတွက် ၎င်း၏ တာဝန်များကိုထမ်းဆောင်ရန် အာရုံစိုက်ခြင်းသည် ၎င်း၏ပါတီနှင့် နိုင်ငံအတွက် အကောင်းဆုံးအကျိုးစီးပွားဖြစ်ကြောင်း ဘိုင်ဒင်က ပြောသည်။

ယခုသီတင်းပတ်နှောင်းပိုင်းတွင် ၎င်း၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး အသေးစိတ်ကို ပြည်သူများအား မိန့်ခွန်းပြောကြားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြီးခဲ့သည့်လက ထရမ့်နှင့်စကားစစ်ထိုးပွဲတွင် ၎င်း၏ စွမ်းဆောင်ရည် ကျဆင်းပြီးနောက် မဲဆွယ်စည်းရုံးရေးပွဲများမှ ဘိုင်ဒင်နုတ်ထွက်ရန် ဒီမိုကရက်များအကြား တောင်းဆိုမှုများ မြင့်တက်လျက်ရှိသည်။

ဘိုင်ဒင်သည် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်နယ်ကိုယ်စားလှယ်များ၏ ထောက်ခံမှု ၉၀ ရာခိုင်နှုန်းကျော်ကို ရရှိထားသည်။ ၎င်းနုတ်ထွက်မှုကြောင့် ပြည်နယ်ကိုယ်စားလှယ် ၄၀၀၀ ခန့်မှာ ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် သမ္မတလောင်းကို မဲပေးနိုင်တော့မည်ဖြစ်သည်။

ပြန်လည်ရွေးကောက်ခံရန် ကြိုးပမ်းနေသည့် လက်ရှိသမ္မတတစ်ဦးအနေဖြင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများမှ နုတ်ထွက်မှုမှာ နှစ်ပေါင်း ၅၆ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ခဲ့သည့် နောက်ဆုံးသမ္မတမှာ ၁၉၆၈ ခုနှစ်က လင်းဒွန်ဂျွန်ဆင် ဖြစ်ကြောင်း သိရသည်။



ဒီမိုကရက်တစ် အမျိုးသားကော်မတီဥက္ကဋ္ဌ ဂျေမီဟာရစ်ဆင်က ပါတီသည် လာမည့်ရက်များအတွင်း ရှေ့ဆက်ချီတက်ရန် ပွင့်လင်းမြင်သာမှုရှိပြီး စည်းစနစ်ကျသော လုပ်ငန်းစဉ်တစ်ရပ်ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ပစိဖိတ်ဒေသတွင် အာဟာရချို့တဲ့မှုသိသာသည့် ပြဿနာတစ်ရပ်အဖြစ် ဆက်လက်ရှိနေဟုဆို

**စူဗာ ဇူလိုင် ၂၂**

ပစိဖိတ်ဒေသတွင် အသက် ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှုနှုန်းမှာ တည်ငြိမ်မှုရှိသော်လည်း အာဟာရချို့တဲ့မှုမှာ သိသာသည့် ပြဿနာတစ်ရပ်အဖြစ် ဆက်လက် ရှိနေသည့်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေများတွင်ရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် ဂျိုနသန်က ပြောသည်။



ဂျိုနသန်က ဖီဂျီနှင့် ပစိဖိတ်ဒေသဝန်းကျင်ရှိ ကလေးငယ်များကြား အာဟာရချို့တဲ့မှုနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး မိန့်ခွန်း ပြောကြားရာတွင် ထိုကဲ့သို့ မှတ်ချက်ပြုခဲ့ကြောင်း ဖီဂျီရုပ်သံလွှင့်ကော်ပိုရေးရှင်းက တနင်္လာနေ့တွင် အစီရင်ခံဖော်ပြခဲ့သည်။

ကလေးငယ်များမှာ အသက်ငယ်ရွယ်စဉ်၌ ညီညွတ်မျှတသော အာဟာရများ မရရှိခဲ့လျှင် ဆောလျင်စွာ သေဆုံးနိုင်ကြောင်း ၎င်းက ပြောသည်။ ထို့ပြင် ယူနီဆက်ဖ်သည် ယင်းစိန်ခေါ်မှုများကို တိုက်ဖျက်ရန် ဖီဂျီကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ညီညွတ်မျှတသောစားသောက်မှုပုံစံနှင့်ပတ်သက်ပြီး မိဘများကို အသိပညာပေးခြင်းနှင့် ကလေးငယ်များ လိုအပ်သော အာဟာရများ ရရှိခြင်းမှာ ထိုကဲ့သို့သော ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် အဓိကကျသော လုပ်ဆောင်မှုများဖြစ်ကြောင်း ယူနီဆက်ဖ်အမှုဆောင်ဒါရိုက်တာ ကက်သရင်း ရက်ဆဲလ်က ပြောသည်။

**ဆင်ဟွာ**

# အာဂျင်တီးနား၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၂၇၀၀၀ ကျော်ရှိ

**ဗျူနိုအေးရိစ် ဇူလိုင် ၂၂**

အာဂျင်တီးနားနိုင်ငံတွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၂၇၀၀၀ ကျော်ရှိပြီး ယခင်နှစ်ထက် သုံးဆကျော်ပိုများကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

ယခုနှစ် ပထမ ၂၈ ပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၂၇၅၁၇ ဦးရှိပြီး သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၄၀၁ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသား ကူးစက်ရောဂါဆိုင်ရာထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ရောဂါဖြစ်ပွားမှုအရေအတွက်အများဆုံးမှာ အလယ်ပိုင်းဒေသမှဖြစ်ပြီး ကူးစက်ခံရသူစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းရှိကာ အနောက်မြောက်ဘက်ဒေသတွင် ၂၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် အရှေ့မြောက်ဘက်ဒေသများတွင် ၁၃ ရာခိုင်နှုန်းရှိသည်။

လက်ရှိတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ လူဦးရေ တစ်သိန်းလျှင် ၁၁၅၇ ဦးနှုန်းရှိပြီး ၁၄ ပတ်ဆက်တိုက် ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းလာပြီဖြစ်ကြောင်း အစီရင်ခံစာက ဆိုသည်။

**ဆင်ဟွာ**



# ယခုနှစ် ဗီယက်နမ် ဆန်တန်ချိန် ရှစ်သန်းခန့် တင်ပို့ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်ရရှိရန် မျှော်မှန်း

**ဟန်နွိုင်း ဇူလိုင် ၂၂**

ကမ္ဘာတစ်ဝန်း ဆန်ဝယ်လိုအားမြင့်မားနေသဖြင့် ၂၀၂၄ ခုနှစ်၏ လက်ကျန်လများအတွင်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု တိုးမြှင့်ရန် အခွင့်အလမ်းများစွာရှိကြောင်း ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနကပြောကြားကြောင်း ဒေသတွင်း မီဒီယာများက ဇူလိုင် ၂၂ ရက်တွင် ဖော်ပြသည်။

**အရည်အသွေးမြင့်မျိုးများ**

ယခုအခါ အရည်အသွေးမြင့် စပါးမျိုးစေ့များ ထုတ်လုပ်သုံးစွဲခြင်း၊ အဓိက ပို့ကုန်ထုတ်ကုန်ဖြစ်ခြင်းနှင့် ရောဂါဒဏ်ခံနိုင်ပြီး ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော အရည်အသွေးမြင့်မျိုးများဖြင့် အထွက်နှုန်း တိုးတက်အောင် ဦးစားပေး ထုတ်လုပ်နေကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖုန်ဒပ်တီယန်က ပြောကြားသည်။



**ပထမခြောက်လ**

ဗီယက်နမ် ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း တန်ချိန် ၄ ဒသမ ၆၈ သန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၈ ဘီလီယံရှိသဖြင့် ယခင်နှစ်ကာလတူထက် ပမာဏအားဖြင့် ၁၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် ၃၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ယခုနှစ်ကုန်အထိ ဗီယက်နမ်နိုင်ငံ၏ ဆန်တန်ချိန် ရှစ်သန်းခန့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်ရရှိရန် ဝန်ကြီးဌာနက မျှော်မှန်းထားသည်။

**ဆင်ဟွာ**

# အီသီယိုးပီးယားနိုင်ငံ၌ မြေပြိုမှုဖြစ်ပွား လူ ၂၀ ထက်မနည်းသေဆုံးမှုဖြစ်

**အဒစ္စအဘာဘာ ဇူလိုင် ၂၂**

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွားသဖြင့် လူ ၂၀ ထက်မနည်းသေဆုံးကြောင်း ဒေသတွင်းမီဒီယာများက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်း ဂိုဖာခရိုင်၌ ဇူလိုင် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီဝန်းကျင်တွင် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်ကြောင်း နိုင်ငံပိုင် ဖာနာရုပ်သံကော်ပိုရေးရှင်းက ထုတ်ပြန်ထားသည်။

ယခုအချိန်အထိ ကယ်ဆယ်ရေးသမားများက ရွှံ့နွံများအောက်တွင် မြုပ်နေသည့် သေဆုံးသူ ၂၀ ကို ကယ်တင်နိုင်ခဲ့ကြောင်း၊ လက်ရှိတွင် မြေပြိုသည့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ တိုးလာနိုင်ဖွယ်ရှိကြောင်း ဂိုဖာခရိုင် အုပ်ချုပ်ရေးမှူး မီစီကီမီတီကူက ပြောကြားသည်။ အရှေ့အာဖရိကနိုင်ငံဖြစ်သည့် အီသီယိုးပီးယားနိုင်ငံသည် အဆက်မပြတ်မိုးရွာသွန်းမှုများကြောင့် ရံဖန်ရံခါမြေပြိုမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ အင်္ဂလိပ်စာနဲ့ပတ်သက်ပြီး ဖော်ပြလာခဲ့တာ အတော်ခရီးရောက်လာခဲ့ပါပြီ။ အပိုင်း (၁) ပြီးလို့ အပိုင်း (၂) တောင်ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အခုချိန်အထိ စောင့်မျှော်ဖတ်ရှုနေတဲ့ စာဖတ်ပရိသတ် တစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Composition လို့ ပြောလို့ရတဲ့ ဝါကျဖွဲ့စည်းပုံတွေအကြောင်း ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောပိုင်းမှာလည်း "Parents and Teacher–IV" မိဘနဲ့ဆရာတွေ တွေ့ဆုံတဲ့အခါ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို Shortest way to talk about "Parents and Teachers–IV" ဆိုပြီး ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ (Idiom) စကားလုံးအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ ဝါကျဖွဲ့စည်းပုံတွေအကြောင်း ဇယားများနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဒီဇယားတွေကို လေ့လာကြည့်မယ်ဆိုရင် အင်္ဂလိပ်စာဝါကျများကို သူ့ပုံစံနဲ့သူ အလွယ်တကူ ရေးဖွဲ့နိုင်သွားမှာဖြစ်ပါတယ်။

Sentence Patterns

Pattern 1

| No. | Subject | Predicate |
|---|---|---|
| 1. | Birds | fly. |
| 2. | The moon | shines. |
| 3. | The baby | is sleeping. |
| 4. | My mother | is walking. |
| 5. | Time | flies. |

Pattern 3

| No. | Subject | Verb transitive | Object |
|---|---|---|---|
| 1. | The boy | shot | a bird. |
| 2. | She | writes | a letter. |
| 3. | The teacher | teaches | English. |
| 4. | My father | watches | TV. |
| 5. | She | wears | contact lens. |
| 6. | My uncle | plays | the guitar. |

Pattern 2

| No. | Subject | Verb to be (linking verb) | Complement (ဖြည့်ပုဒ်) |
|---|---|---|---|
| 1. | The sky | grew (linking verb) | dark. (adj) |
| 2. | His book | is | there. (adv) |
| 3. | The building | is | in a dilapidated condition. (n-ph) |
| 4. | I | am | in the pink. (n-ph) |
| 5. | My sister | is | naughty. (adj) |
| 6. | My mother | is | a business-woman. (n) |
| 7. | It | sounds, looks, feels, smells, tastes, seems | great. (adj) |

## VOCABULARY (IDIOM)

1. **all in all** (အားလုံးခြုံကြည့်လျှင်)

   **All in all** we enjoyed the evening at her house.

   ခြုံပြောရမယ်ဆိုရင် အဲဒီညနေခင်းမှာ ကျွန်တော်တို့ သူ့အိမ်မှာ ပျော်ကြပါတယ်။

2. **all in** (အလွန်ပင်ပန်းနွမ်းနယ်သော)

   He was **all in** after playing tennis for four hours.

   လေးနာရီလောက်တင်းနစ်ကစားပြီးနောက် သူလေးဖက်ပစ် သွားတော့တာပဲ။

3. **all ears** (စူးစူးစိုက်စိုက်နားထောင်လျက်)

   When I mentioned the party, he was **all ears.**

   ပါတီပွဲဆိုပြီးကျွန်တော်ပြောတော့ သူနားစွင့်လာတော့တာပဲ။

4. **all day long** (တစ်နေ့လုံး)

   We studied for the examination **all day long.**

   စာမေးပွဲအတွက် ကျွန်တော်တို့ တစ်နေကုန်စာကျက်တယ်။

5. **all at once** (ရုတ်တရက်)

   **All at once** there was a loud crash.

   ရုတ်တရက်ဆိုသလို ဗုန်းခနဲအသံကြီးပေါ်လာတယ်။

# CONVERSATION



*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Shortest way to talk about "Parents and Teachers–IV"

ဒီတစ်ပတ်မှာတော့ "Parents and Teachers" မိဘနဲ့ဆရာတွေ တွေ့ဆုံတဲ့အခါ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို Shortest way to talk about "Parents and Teachers–IV" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

### Conversation

Parents and Teacher (IV)

Mrs Brown: *Lindsay has been miserable lately, and I think it's because of this bullying. I was wondering if there was any way you could help me make things better for Lindsay?*

Thomas: *Of course. I'll talk to Kimberly and see if I can get her to stop this rude behaviour. It's completely unacceptable.*

Mrs Brown: *Thank you. And can you tell me if Lindsay has other friends to talk to in class?*

Thomas: *She does. She hangs out with a nice girl named Michelle.*

Mrs Brown: *Could you change her seat so she sits next to Michelle?*

Thomas: *Sure. I think that would be helpful.*

Mrs Brown: *Is there anything else you think would help?*

Thomas: *I can talk to Lindsay if you'd like. I can let her know that this is wrong and I'm here to help her.*

Mrs Brown: *I think Lindsay would appreciate that. Thank you. I was so confused about how to help, but I think I feel better now. Please keep me posted if you notice anything else going on with Lindsay in class.*

Thomas: *Of course. I will let you know if I see anything out of the ordinary. And keep me informed as well. If there is more that I can do, I'll be glad to help.*

Mrs Brown: *Thank you. I appreciate it. And I'm sure Lindsay will appreciate all of the support too.*

### Language Focus

1. because of + Noun or Noun Phrase

   ဒီနေရာမှာ because of ဆိုတာ ကြောင့်လို့ အဓိပ္ပာယ်ရပါတယ်။ ဘာကြောင့်၊ ညာကြောင့်ဆိုပြီး အဓိပ္ပာယ်ရစေချင်တဲ့အခါ သုံးတဲ့ စကားပြောပုံစံတစ်ခုပါ။ သူ့ရဲ့နောက်မှာတော့ Noun သို့မဟုတ် Noun Phrase လိုက်ရပါတယ်။

   ဥပမာ –

   – I think it's because of this bullying.

   ဒီလိုအနိုင်ကျင့်မှုကြောင့်လို့ ကျွန်မ ထင်တယ်။

2. Can you tell me if Lindsay has other friends …

   သူ့မှာ တခြားသူငယ်ချင်းရှိလာရင် ပြောပြပေးနိုင်မလားဆိုပြီး ပြောထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အတော်လေးမှားနိုင်တာက ရှေ့မှာမေးခွန်းပုံစံနဲ့မေးထားရင် နောက်မှာလိုက်လာတဲ့ if ဝါကျပိုင်းကို မေးခွန်းပုံစံ ပြောင်းတတ်တာပဲဖြစ်ပါတယ်။ တကယ်တော့ မပြောင်းရပါဘူး။ အခြေအနေပေါ်မူတည်ပြီး မေးခွန်းပုံစံမျိုးသုံးထားတာဖြစ်တဲ့အတွက် if ရဲ့ဝါကျပိုင်းကို အပေါ်မှာ ပြထားသလိုပဲ ပြောရမှာဖြစ်ပါတယ်။ ဥပမာ –

   – **Can you tell me if Lindsay has other friends to talk to in class?**

3. let her know …

   သူမကို ပေးသိတာဖြစ်ပါတယ်။ ဒီနေရာမှာ let ရဲ့နောက်မှာ လိုက်လာတဲ့ Verb ကိုတော့ အမြဲ Infinitive ပုံစံမျိုးသုံးပေးရမှာဖြစ်ပါတယ်။

   ဥပမာ –

   – **I can let her know that this is wrong and I'm here to help her.**

4. keep me posted, keep me informed…

   Keep ရဲ့နောက်မှာ Obj ရေးပြီး Obj နောက်မှာတော့ Adjective လိုက်ပေးရမှာဖြစ်ပြီးတော့ အမြဲသတိပေးပါ. စာပို့ပေးပါဆိုတဲ့ ပုံစံမျိုးဖြစ်ပါတယ်။

   ဥပမာ –

   – **Please keep me posted if you notice anything else going on with Lindsay in class.**

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၂၂-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ (၂၁-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၂၂-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၅၈) ဦးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၂)ဦးဖြစ်ပါသည်။ လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၂၂-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့် လူနာ (၆၈)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားသူဦးရေမှာ သိသိသာသာလျော့နည်းလာပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုဖြင့် ဗဟိုနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်မှုကြောင့် ရောဂါကူးစက်ပြန့်ပွားမှုအား ထိန်းချုပ်နေနိုင်ပြီဖြစ်ပါကြောင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအနီး မြင်းစီးအားကစားကွင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး **(အပေါ်ပုံ)** ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်များ၊ စိန်ပန်းပင်များ၊ သပြေဘူတပင်များနှင့် ငုရွှေဝါပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ အရာထမ်း/အမှုထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်ရုံးခွဲများတွင်လည်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပြီး ရတနာတန်းဝင် ကျွန်းပင်များ၊ နှစ်ရှည်သီးနှံပင်များနှင့် အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းနှင့် ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့ပြုလုပ်သည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် သစ်ပင်စုစုပေါင်း ၁၄၈၇ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေမှုနှင့်စပ်လျဉ်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဗဟို၊ တိုင်းဒေသကြီးနှင့် မြို့နယ်ကွင်းဆင်းအဖွဲ့များက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း ဆိပ်ကြီးကျေးရွာရှိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာနေအိမ်တို့သို့ သွားရောက်၍ ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နေအိမ်နှင့်လမ်းအနီးတစ်ဝိုက်တွင် လူနာသစ်ရှာဖွေခြင်း၊ လူနာနှင့်ထိစပ်သူ တစ်အိမ်တည်း အတူနေမိသားစုဝင်များအား ကြိုတင်ကာကွယ်ဆေး တိုက်ကျွေးခြင်း (Contact Treatment)၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့ပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ညှိနှိုင်းစီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး စက်ဆန်းကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေ အသုံးပြုရေး အစီအမံများ ချမှတ်ဆောင်ရွက်၍ Life Straw ရေသန့်စင်စက်နှစ်လုံး တပ်ဆင်ခြင်းနှင့် အသုံးပြုနည်း လက်တွေ့သရုပ်ပြ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထို့အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်) ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည်လည်း သဃ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်များသို့ လည်းကောင်း ကွင်းဆင်း၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အလားတူ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများကလည်း မြို့နယ်စည်ပင်သာယာရေး ဦးစီးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့တွင် သန့်ရှင်းသောသောက်ရေရရှိရေး အထူးစီမံချက်ဖြင့် LifeStraw ရေသန့်စင်စက် ၁၉ လုံးကို အသုံးပြု၍ သန့်ရှင်းသော သောက်ရေ နေ့စဉ်ဖြန့်ဝေပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် အိမ်ထောင်စု ၄၉၂ စု အတွက် သောက်ရေသန့် လီတာ ၇၅၀ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# တို့အားများ အပေးအယူ မျှတလို့ နို့စားနွား မွေးမြူသူ သမဝါယမ ဖွဲ့ကြစို့

မင်းခလုင်(သမ/ဦးစီး)

ကျွန်တော်တို့ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသ တော်တော်များများမှာ နို့စားနွား မွေးမြူသူတွေရှိကြပါတယ်။ များသော အားဖြင့် မိတ္ထီလာခရိုင်၊ ကျောက်ဆည် ခရိုင်၊ တံတားဦးခရိုင်၊ အမရပူရခရိုင်နဲ့ ပြင်ဦးလွင်ခရိုင်တို့မှာ မွေးမြူကြတာကို တွေ့ရပါတယ်။ အများစုက သမားရိုးကျ နည်းဖြစ်တဲ့ လွှတ်ကျောင်းစနစ်နဲ့ပဲ မွေးမြူကြတာပေါ့။

ဒီတော့ အကျိုးအမြတ်ကလည်း ပုံမှန်လေးပဲရကြတယ်လေ။ ဒေသခံတွေ ပြောတဲ့ နို့စားနွားဆိုတာ အမှန်တော့ ရိုးရိုးဒေသနွားမျိုးထဲကမှ နို့ထွက်ကောင်းပြီး နို့ညှစ်လို့ရတဲ့ နွားမတွေပဲဖြစ်ပါတယ်။ တချို့နေရာတွေမှာတော့ နိုင်ငံခြားနွားမျိုးဖြစ်တဲ့ ဖရီရှန်မျိုးကို အနည်းစု တွေ့ရပါတယ်။ နို့စားနွားမွေးမြူရာမှာ လွှတ်ကျောင်းမွေးမြူတဲ့စနစ်၊ ခြံလှောင်မွေးမြူတဲ့စနစ်၊ လွှတ်ကျောင်းနဲ့ ခြံလှောင်ပူးတွဲပြီး မွေးမြူတဲ့စနစ် ဆိုပြီး စနစ်သုံးမျိုးရှိတဲ့အနက် ဒေသခံ နို့စားနွား မွေးမြူသူအများစုက လွှတ်ကျောင်း မွေးမြူတဲ့စနစ်နဲ့သာ မွေးမြူကြတော့ နွားမတွေဆီက နွားနို့ကို စွမ်းအားကုန် မထုတ်လုပ်နိုင်ဘူးပေါ့။

ဘာကြောင့် ဒီလိုပြောရလဲဆိုတော့ လွှတ်ကျောင်းစနစ်ဆိုတာ အစာရေစာ ပေါများတဲ့ စားကျက်ကောင်းကောင်း ရှိပြီး အစာကိုဝအောင်စားရမှ အဆင်ပြေမှာလေ။ သူတို့ဒေသတွေမှာက အများအားဖြင့် စိုက်ပျိုးမြေဧရိယာတွေများတော့ စားကျက်ကောင်းကောင်းက သိပ်မရှိဘူးဖြစ်နေတာပေါ့။ ရှိတဲ့စားကျက်မှာပဲစုပြုံပြီး လွှတ်ကျောင်းကြတော့ နွားတွေခမျာ မဝရေစာနဲ့ပဲ အချိန်တန်တော့ သခင့်အိမ်ပြန်ခဲ့ရ၊ အိမ်ရောက်တော့လည်း သခင်က အစာဖိုးမတတ်နိုင်တော့ ဖြည့်စွက်စာ မကျွေးနိုင်၊ အစာကို ဝအောင်မစားရမှတော့ သတ္တဝါတွေရဲ့ ဇီဝကမ္မသဘောအရ နို့ဖြစ်တည်မှုနည်းတော့တာပေါ့။ နွားမတွေ နို့ထွက်နည်းတော့ နို့စားနွားမွေးမြူသူတွေလည်း ဝင်ငွေနည်းပြီး အဆင်မပြေဖြစ်ကြတော့တာပေါ့။ ဒီကြားထဲ နို့ပွဲစားတွေရဲ့ လူလည်ကျတာကို ခံရသေးတယ်။



နေပြည်တော်ရှိ Rainbow ဝန်ဆောင်မှုသမဝါယမအသင်း၏ နို့စားနွားမွေးမြူရေးခြံကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ၂၀၂၂ ခုနှစ်အတွင်းက ကြည့်ရှုအားပေးစဉ်။

### နို့စားနွားမွေးမြူသူနှင့် နို့ပွဲစား

နို့ပွဲစားဆိုတာ နို့နဲ့နို့ထွက်ပစ္စည်း ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေဆီကနေ ငွေအရင်းအနှီးယူ၊ နို့စားနွားမွေးမြူသူတွေထံကို နို့ဖိုးကြိုတင်ငွေ တစ်ဆင့်ပြန်ပေး၊ ငွေကြိုပေးစဉ်က နှစ်ဖက်သဘောတူသတ်မှတ်ထားတဲ့ နွားနို့ပေါက်ဈေး၊ နို့ညှစ်ယူရမယ့် ကာလအတိုင်း နွားနို့ကို ကိုယ်တိုင်ညှစ်ယူပြီး နို့ကောက်စခန်းတွေကို ပေးပို့ရောင်းချတာရှိသလို နို့ချက်စက်ရုံတွေကို တိုက်ရိုက်ပေးပို့ရောင်းချတဲ့သူတွေကို ပြောတာပါ။

နို့ပွဲစားတချို့ လူလည်ကျပုံကို ပြောပြရရင် နို့ဖိုးငွေ ကြိုတင်ထုတ်ပေးထားရတာဆိုပြီး နွားနို့ဈေးနှုန်းကို ကာလပေါက်ဈေးအတိုင်းမပေးဘူး။ နောက်တစ်ခုက ခြင်တွယ်တဲ့ခွက်ကို နှစ်မျိုးထားတယ်။ သူတို့ထံမှ နို့ဖိုးငွေ ကြိုတင်ယူထားတဲ့ သူတွေဆီကနေ နွားနို့ညှစ်ယူတဲ့အခါ သူတို့ တစ်ပိဿာခွက်လို့ပြောတဲ့ ခြင်ခွက်က တစ်ပိဿာနဲ့ သုံးဆယ်ကျပ်သားလောက်ရှိတဲ့ ခွက်နဲ့ခြင်တွယ်ပြီး ယူကြတယ်။ နို့ကောက်စခန်းတို့၊ နို့ချက်စက်ရုံတို့ကျတော့ တစ်ပိဿာ အတိအကျဖြစ်တဲ့ ခြင်ခွက်နဲ့ ပြန်ရောင်းကြတယ်။ အဲဒီမှာ တစ်ပိဿာအပေါ် သုံးဆယ်သားလောက်၊ ၁၀ ပိဿာအပေါ်ဆို သုံးပိဿာလောက် နို့စားနွားမွေးမြူသူတွေ နစ်နာကြတယ်။ နို့ပွဲစားတွေကတော့ အမြတ်ထွက်ကြတာပေါ့။ ဒါတောင် ရေရောတာ မပါသေးဘူး။

စီးပွားရေးလုပ်တဲ့နေရာမှာ ပုထုဇဉ်လူသားတွေဆိုတော့ လောဘနဲ့ဘယ်ကင်းပါ့မလဲ။ ပြောချင်တာက နို့ပွဲစားတချို့ရဲ့ လုပ်ပုံကိုင်ပုံကို အပြစ်သဘော ပြောချင်တာ မဟုတ်ပါဘူး။ နို့စားနွားမွေးမြူသူတွေရဲ့ နစ်နာနေမှုအပေါ် ဘယ်လိုပေါင်းစပ်ကူညီပေးရမလဲဆိုတဲ့အချက်ကို အဓိကတင်ပြဆွေးနွေး ပြောပြချင်တာပါ။

### စုပေါင်းလုပ်ကိုင်ဆောင်ရွက်မှ အကျိုးအမြတ်ခံစားရ

နို့စားနွားမွေးမြူသူတွေအနေနဲ့က လည်း ကိုယ့်အတွက် နစ်နာတယ်ဆိုတာ သိပါလျက်နဲ့ အဆင်မပြေကြတော့ နို့ပွဲစားတွေဆီက နို့ဖိုးကြိုတင်ငွေကို ယူကြရတော့တာပေါ့။ နို့ပွဲစားတွေဆီက နို့ဖိုးကြိုတင်ငွေမယူလို့ တခြားသူတွေဆီက ငွေချေးမယ်ဆိုရင်လည်း ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဆိုသလို အတိုးကြီးကြီး ပေးရတာနဲ့တင် နာလန်ထူနိုင်မှာ မဟုတ်ဘူးလေ။ ဒါ့ကြောင့် နို့ပွဲစားတွေဆီက မျက်စိစုံမှိတ်ပြီး ယူကြရတာပေါ့။

အခုလိုအခြေအနေမျိုး ကြုံတွေ့နေကြရတဲ့ နို့စားနွားမွေးမြူသူတွေ အဆင်ပြေဖို့ဆိုရင် ကျင့်သုံးရမယ့်စနစ်တစ်ခုတော့ရှိတယ်။ အဲဒီစနစ်က သမဝါယမစနစ်ပဲဖြစ်ပါတယ်။ သမဝါယမစနစ်ဆိုတာ လူတွေရဲ့အတ္တဟိတ (ကိုယ့်အကျိုးစီးပွား)၊ ပရဟိတ (အများအကျိုးစီးပွား) ဒွန်တွဲမှုအပေါ်မှာအခြေခံပြီး ကြံဆတီထွင်ထားတဲ့ စနစ်တစ်ခုပဲဖြစ်ပါတယ်။ အဲဒီလို အတ္တနဲ့ပရဒွန်တွဲမှုအပေါ် အခြေခံထားတာနဲ့အညီ လူတွေရဲ့ စီးပွားရေး အခြေအနေကို တိုးတက်အောင်မြင်စေဖို့အတွက် လူတန်းစားမခွဲခြားဘဲ သာတူညီမျှစွာ အချင်းချင်းဆက်ဆံပေါင်းသင်းကာ ဆန္ဒအလျောက် အတူတကွပူးပေါင်းဆောင်ရွက်ကြတဲ့ လုပ်ငန်းစနစ် ဖြစ်ပါတယ်။

တစ်နည်းပြောရရင် သမဝါယမစနစ်ဆိုတာ အတ္တကို ဗဟိုပြုခြင်းမျိုးမဟုတ်ဘဲ လိုအပ်နေသူတွေနဲ့ ရှိနေတဲ့သူတွေကို ဆက်စပ်ပေးတဲ့စနစ်လို့လည်း ဆိုနိုင်ပါတယ်။ သမဝါယမစနစ်နဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းတွေဟာ လူတစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်တာ မဟုတ်ဘဲ အတ္တ၊ ပရ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ပြီး တစ်ယောက်ရဲ့ လုပ်အားဟာ အများအတွက် အကျိုးကျေးဇူးဖြစ်စေသလို အများရဲ့ လုပ်အားဟာလည်း တစ်ဦးတစ်ယောက်ချင်းစီအတွက် အကျိုးကျေးဇူးကို မျှဝေခံစားကြတာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် နို့စားနွားမွေးမြူသူတွေ၊ နို့ပွဲစားတွေအားလုံးက မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်း ခိုင်မာစွာရပ်တည်နိုင်ဖို့အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ စုပေါင်းလက်တွဲပြီး နို့စားနွားမွေးမြူရေး သမဝါယမအသင်း ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်ကြမယ်ဆိုရင် အားလုံးရဲ့ အကျိုးစီးပွားတွေဟာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှာပဲ ဖြစ်ပါတယ်။ သမဝါယမ အခြေခံသဘောတရားအရ အသင်းအမှုဆောင်အဖွဲ့ရဲ့ ဦးဆောင်စီမံခန့်ခွဲမှုနဲ့ အသင်းသားတွေရဲ့ လိုက်ပါဆောင်ရွက်မှုတို့ကြောင့် ရရှိလာတဲ့ အကျိုးအမြတ်ကို အသင်းနဲ့အသင်းသား အကျိုးမျှတစွာ ခွဲဝေခံစား၊ စံစားကြရမှာပဲ ဖြစ်ပါတယ်။

### သမဝါယမစနစ်ကျင့်သုံးပြီး စီမံဆောင်ရွက်

နို့စားနွားမွေးမြူရေး သမဝါယမအသင်း ဖွဲ့စည်းပြီးပြီဆိုတာနဲ့ နို့စားနွားမွေးမြူသူအသင်းသားတွေ လိုအပ်နေတဲ့ နွားစာဖိုးငွေကို သမဝါယမအသင်းအချင်းချင်းကဖြစ်စေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကဖြစ်စေ တစ်နည်းနည်းနဲ့ရရှိအောင်ဆောင်ရွက်ပြီး နို့ထွက်/နို့ညှစ်လို့ရတဲ့ နွားမတစ်ကောင်ကို ငွေကျပ်ငါးသောင်းကနေ ငွေကျပ်တစ်သိန်းနှုန်းအထိ အစာဖိုးအဖြစ် ပံ့ပိုးထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ အသင်းမှာ လုပ်ငန်းသဘာဝအရ လုပ်ငန်းကျွမ်းကျင်တဲ့ နို့ပွဲစားတွေက အမှုဆောင်အဖွဲ့ထဲပါဝင်ကာ အသင်းကိုဦးဆောင်ပြီး မိမိတို့အသင်းမှ နို့စားနွားမွေးမြူသူအသင်းသားတွေဆီက နွားနို့တွေကို စုစည်းဝယ်ယူမယ်၊ ပြီးရင် နီးစပ်ရာ နို့ချက်စက်ရုံမှာ စုပေါင်းရောင်းချမယ်၊ နို့ပွဲစားတွေအနေနဲ့ အသင်းကို ဦးဆောင်ရတဲ့ အမှုဆောင်အဖွဲ့ဝင် တာဝန်ယူထားရပြီဆိုတော့ အရင်ကလို လူလည်မကျနဲ့တော့ပေါ့။

အခြင်အတွယ်မှန်မှန်၊ ဈေးနှုန်းမှန်မှန်နဲ့ ကိုယ့်အသင်းသားတွေအပေါ် စေတနာမှန်မှန်နဲ့ ဆောင်ရွက်ပေးကြပေါ့။ စေတနာမှန်ရင် အကျိုးပေးပါလိမ့်မယ်။ အဲဒါမှ စုပေါင်းမွေးမြူ၊ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချရာမှ ရရှိလာတဲ့ အကျိုးအမြတ်ကို စုပေါင်းမျှဝေခံစား၊ စံစားကြရမှာပေါ့။ ဥပမာအနေနဲ့ ဆွေးနွေးတင်ပြရရင် နို့ကောက်စခန်း/နို့ချက်စက်ရုံက နွားနို့တစ်ပိဿာကို ငွေကျပ် ၂၅၀၀ နဲ့ ဝယ်တယ်ဆိုရင် အသင်းအနေနဲ့ နို့စားနွား မွေးမြူသူအသင်းသားတွေဆီကနေ နွားနို့တစ်ပိဿာကို ငွေကျပ် ၂၃၀၀ နဲ့ စုစည်းဝယ်ယူပြီး နို့ချက်စက်ရုံတွေမှာ အသင်းက ကိုယ်တိုင်စုပေါင်းရောင်းချ၊ တစ်ပိဿာအပေါ်ကရရှိလာတဲ့ အမြတ်ငွေကျပ် ၂၀၀ ကို ငွေအရင်းအနှီးစိုက်ထုတ်သူကို ၃၀ ရာခိုင်နှုန်းပေး၊ လုပ်ငန်းစရိတ်အတွက် ၃၀ ရာခိုင်နှုန်းသုံး၊ အသင်းအတွက်ရန်ပုံငွေ ၄၀ ရာခိုင်နှုန်းထည့်ဝင်ပေး၊ အသင်းအတွက် ရရှိတဲ့ရန်ပုံငွေ ၄၀ ရာခိုင်နှုန်းထဲကမှ အသင်းသားတွေအတွက် ၂၀ ရာခိုင်နှုန်းဖြစ်ဖြစ် ဒါမှမဟုတ် သင့်တင့်မျှတတဲ့ ပမာဏတစ်ခု ပေးလိုက်မယ်ဆိုရင် စုပေါင်းဆောင်ရွက်ခြင်းရဲ့ အကျိုးကျေးဇူးကို အားလုံးမျှဝေခံစား၊ စံစားကြရပြီပေါ့။ ဘယ်ရွေ့ဘယ်မျှ ခွဲဝေဆောင်ရွက်သင့်တယ်ဆိုတာတော့ ကိုယ့်အသင်းရဲ့ အခြေအနေပေါ်မူတည်ပြီး အမှုဆောင်အဖွဲ့နဲ့ အသင်းသားတွေ ညှိနှိုင်းတိုင်ပင်ဆွေးနွေးဆုံးဖြတ်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမှာပေါ့။

### ပိုမိုကောင်းမွန်ပြီး အကျိုးအမြတ် ပိုမိုရရှိစေရေး စီမံဆောင်ရွက်လျက်ရှိ

နို့စားနွားမွေးမြူသူအသင်းသားတွေအနေနဲ့ကလည်း သမဝါယမစနစ်နဲ့ မဆောင်ရွက်ခင် နို့ဖိုးကြိုတင်ငွေ ထုတ်ယူရတုန်းကဆို နို့ပွဲစားတွေ သတ်မှတ်တဲ့အတိုင်း တစ်ပိဿာမှ အနည်းဆုံး ငွေကျပ် ၁၅၀၀ ကနေ အများဆုံး ငွေကျပ် ၁၈၀၀ လောက်နဲ့ ဈေးဖြတ်ခံခဲ့ရတာ၊ ကာလ/ဒေသပေါက်ဈေး

> **“နို့စားနွားမွေးမြူသူတွေ၊ နို့ပွဲစားတွေအားလုံးက မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်း ခိုင်မာစွာရပ်တည်နိုင်ဖို့အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ စုပေါင်းလက်တွဲပြီး နို့စားနွားမွေးမြူရေး သမဝါယမအသင်းဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်ကြမယ်ဆိုရင် အားလုံးရဲ့ အကျိုးစီးပွားတွေဟာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှာပဲ ဖြစ်ပါတယ်။ သမဝါယမအခြေခံ သဘောတရားအရ အသင်းအမှုဆောင်အဖွဲ့ရဲ့ ဦးဆောင်စီမံခန့်ခွဲမှုနဲ့ အသင်းသားတွေရဲ့ လိုက်ပါဆောင်ရွက်မှုတို့ကြောင့် ရရှိလာတဲ့ အကျိုးအမြတ်ကို အသင်းနဲ့အသင်းသား အကျိုးမျှတစွာ ခွဲဝေခံစား၊ စံစားကြရမှာပဲ ဖြစ်ပါတယ်”**

*စာမျက်နှာ ၁၇ သို့*

# ပွင့်ဖြူမြို့နယ်၌ နွေနှမ်းလှိုင်လှိုင်ပေါ်ချိန်တွင် ဂျပန်နှမ်းနက်များ အရောင်းအဝယ်ကောင်းနေ

ပွင့်ဖြူ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ လှိုင်လှိုင် ရိတ်သိမ်းခြွေလှေ့ချိန်တွင် ဈေးကွက်အတွင်း ဂျပန်နှမ်းနက်များ အထွက်နှုန်းကောင်းပြီး အရောင်းအဝယ်လည်း ကောင်းမွန်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာတို့ကို အားထားစိုက်ပျိုးကြရာ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံစိုက်ခင်းများမှာ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ လုံလောက်စွာရရှိခဲ့သဖြင့် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုအချိန်က ကျွန်တော်တို့ဒေသမှာ နွေနှမ်းစိုက်ခင်းတွေ ရိတ်သိမ်းခြွေလှေ့နေတဲ့ အချိန် ဖြစ်ပါတယ်။ စိုက်ခင်းတွေက စိုက်ပျိုးရေနဲ့ သီးနှံအောင်ရေ လုံလုံလောက်လောက်ရရှိပြီး ပိုးမွှားကျရောက်မှုလည်း မရှိတာကြောင့် အောင်မြင်ဖြစ်ထွန်းပါတယ်။ အထွက်နှုန်း အနေနဲ့က တစ်ဧကကို ပျမ်းမျှ ၁၀ တင်း အထက် ထွက်ရှိပါတယ်။ နှမ်းဈေးကွက်ကလည်း ကောင်းပါတယ်။ နှမ်းရောင်းချရာမှာလည်း ကျွန်တော်တို့ဒေသက နှမ်းစိုက်တောင်သူတွေ အဆင်ပြေစွာရောင်းချနိုင်ဖို့အတွက် မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့(RFDA)၊ မြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA)နဲ့ မြင့်မြတ်တော်ဝင် သီးနှံရောင်းဝယ်ရေးကုမ္ပဏီတို့ ပူးပေါင်းအဖွဲ့က ဇူလိုင် ၁၅ ရက်ကနေ ဩဂုတ် ၁၅ ရက်အထိ အချိန်တစ်လကြာ တောင်သူစုပေါင်းနှမ်းရောင်းချပွဲ လာရောက်ပြုလုပ်ပေးနေလို့ တောင်သူတွေ သီးနှံရောင်းချဖို့အတွက် အဆင်ပြေပါတယ်"ဟု ကံသာကြီးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ နှမ်းစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက လိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် သီးနှံအချိန်မီ ရိတ်သိမ်းခြွေလှေ့နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## ကျောက်ဆည်မြို့နယ် ကောင်းတင်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင်ဆောက်လုပ်ပေးနေ

ကျောက်ဆည် ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကောင်းတင်ကျေးရွာ၌ ပြည်သူများ သောက်သုံးရေလွယ်ကူစွာသုံးစွဲနိုင်ရန် ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင် တစ်ခုကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ပေးလျက်ရှိသည်။

ရေစင်တည်ဆောက်ရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်နေပြီး ရေစင်ဆောက်လုပ်ပြီးစီးသွားပါက ကောင်းတင်ကျေးရွာမှ အိမ်ခြေ ၂၁၅ အိမ် လူဦးရေ ၁၁၄၀ အတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ကန်ကြီးထောင့်မြို့နယ်၌ အငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်ပေး

ကန်ကြီးထောင့် ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းကို ဇူလိုင် ၂၂ ရက်က ကန်ကြီးထောင့်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အခြေခံစားသောက်ကုန်များဖြစ်ကြသည့် ဆီနှင့်ဆန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြပြီး အငြိမ်းစားများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ငွေကျပ် ၂၅၀၀/ ၂၆၀၀ လောက် ဖြစ်နေလည်း ကြိုတင်ယူထားတဲ့ သတ်မှတ်ကာလမပြည့်မချင်း မူလဖြတ်ထားတဲ့ ဈေးနဲ့ပဲ ကိုယ့်ဆီက နွားနို့ကို ညှစ်ယူခံခဲ့ရတာပေါ့။ အခုလိုသမဝါယမအသင်းသားဖြစ်သွားတော့ နွားစာဖိုး ပံ့ပိုးချေးငွေရလို့ နို့ဖိုးကြိုတင်ငွေထုတ်ယူစရာ မလိုတော့ဘူးလေ။

ဒီတော့ နွားနို့ကို ကာလ/ဒေသပေါက်ဈေးအတိုင်း ကိုယ့်အသင်းကနေ စုစည်းပြီး စုပေါင်းရောင်းချတော့ ဈေးအနှိမ်ခံရတာမျိုးလည်း မရှိတော့ဘူးပေါ့။ နောက်ပိုင်းကျရင် နို့စားနွားမွေးမြူသူအသင်းသားတွေ လက်ရှိမွေးမြူတဲ့ လွှတ်ကျောင်းစနစ်ထက် ပိုကောင်းပြီး စနစ်တကျလည်းဖြစ်၊ အကျိုးအမြတ်လည်း ပိုမိုရရှိနိုင်မယ့် ခြံလှောင်မွေးမြူတဲ့စနစ်တို့ လွှတ်ကျောင်းနဲ့ ခြံလှောင်ပူးတွဲပြီး မွေးမြူတဲ့စနစ်တို့နဲ့ မွေးမြူနိုင်ဖို့ နွားခြံတွေ၊ နွားတင်းကုပ်တွေ ဆောက်လုပ်နိုင်အောင်၊ နောက်ပြီး မျိုးကောင်းမျိုးသန့် နွားမတမ်းများ တိုးချဲ့မွေးမြူနိုင်အောင် ပံ့ပိုးချေးငွေများ ထုတ်ချေးပေးနိုင်ရေး အစီအမံတွေ ချမှတ်ဆောင်ရွက်လျက်ရှိတာကို သိရှိရပါတယ်။

### သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်နေ

နို့စားနွား မွေးမြူရေးလုပ်ငန်း အောင်မြင်ပြီး စီးပွားဖြစ်ဖို့ဆိုရင် ငွေကြေးပံ့ပိုးထုတ်ချေးပေးမှုအပြင် နွားတွေရဲ့ ကျန်းမာရေး၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့်နည်းလမ်း၊ အာဟာရမျှတတဲ့ အစားအစာ အစရှိတဲ့ နို့စားနွားမွေးမြူရေးဆိုင်ရာ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို နို့စားနွားမွေးမြူသူ သမဝါယမအသင်းသားတွေ သိရှိအောင် ပညာပေး နည်းလမ်းပြသတာတွေ ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။

ဒါ့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နွားတွေရဲ့ ကျန်းမာရေးအခြေအနေကို အမြဲတမ်းစောင့်ကြည့်ပြီး ရာသီအလိုက် နွားတွေမှာ ဖြစ်ပွားတတ်တဲ့ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ ခွာနာလျှာနာရောဂါ အစရှိတဲ့ ရောဂါတွေ မဖြစ်ပွား၊ မကူးစက်ရအောင် အချိန်နဲ့တစ်ပြေးညီ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ နွားတွေကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ နွားခြံကို ရေမဝပ်တဲ့နေရာ၊ ကုန်းမြင့်တဲ့နေရာ၊ လူနေအိမ်နဲ့ သီးခြားဖြစ်တဲ့နေရာတွေမှာ ရွေးချယ်ဆောက်လုပ်ခြင်းတွေလိုအပ်တယ်၊ နွားတစ်ကောင်အတွက် နေရာဟာ အလျားခုနစ်ပေ၊ အနံလေးပေ၊ အမြင့်ရှစ်ပေ ကျယ်ဝန်းရန် လိုအပ်တယ်၊ နွားတွေကို အစာကျွေးရာမှာ အာဟာရမျှတစေဖို့ တစ်နေ့ကို နို့လေးပိဿာချပေးတဲ့ နွားမတစ်ကောင်အတွက် အစာသုံးပိဿာနှုန်း ကျွေးရမှာဖြစ်တယ်၊ ကျွေးတဲ့အစာမှာ နှမ်းဖတ် ၂၅ ရာခိုင်နှုန်း၊ ဖွဲနု ၂၅ ရာခိုင်နှုန်း၊ ဆန်ကွဲ ၂၃ ရာခိုင်နှုန်း၊ ပဲခွံ ၁၇ ရာခိုင်နှုန်းနဲ့ ပဲမှုန့်ကြမ်း ၁၀ ရာခိုင်နှုန်း ပါဝင်ရန်လိုတယ်၊ သောက်ရေ အလုံအလောက်တိုက်ဖို့နဲ့ အစာကြမ်းကို တစ်နေ့ ၁၀ ပိဿာကနေ ၁၂ ပိဿာလောက် ကျွေးဖို့ လိုအပ်တယ် စသဖြင့် ပညာပေးနည်းလမ်းပြသမှုတွေကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေကြောင်း သိရှိရပါတယ်။

### လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိ

ယခုအခါ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ နို့နဲ့နို့ထွက်ပစ္စည်းများ ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်ဖို့၊ ပြည်တွင်းစားသုံးမှု ဖူလုံပေါများစေဖို့နဲ့ နို့စားနွားမွေးမြူသူတွေရဲ့ လူမှုစီးပွားဘဝရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး နို့နဲ့နို့ထွက်ပစ္စည်းတွေ ပိုမိုထုတ်လုပ်နိုင်ဖို့အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း မိတ္ထီလာဇုန်၊ ကျောက်ဆည်ဇုန်နဲ့ မန္တလေးဇုန်ဆိုပြီး ဇုန်သုံးဇုန် တည်ထောင်ဆောင်ရွက်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်ဆည်ဇုန်မှာ မြဘုရင်နို့ချက်စက်ရုံနဲ့ ထွန်းနို့ချက်စက်ရုံတို့ ရှိပြီးဖြစ်ပါတယ်။ မန္တလေးဇုန်မှာလည်း မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံ ရှိပြီးဖြစ်ပါတယ်။ မိတ္ထီလာဇုန်မှာ နို့ချက်စက်ရုံမရှိသေးတဲ့အတွက် နို့ချက်စက်ရုံတည်ဆောက်နိုင်ရေး လိုအပ်တဲ့တွက်ချက်မှုတွေနဲ့တင်ပြဖို့ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပါတယ်။ အဆိုပါ နို့နဲ့နို့ထွက်ပစ္စည်းထုတ်လုပ်ရေး ဇုန်သုံးဇုန်အတွက် လိုအပ်တဲ့ နွားနို့ကုန်ကြမ်းတွေပေးသွင်းနိုင်ဖို့ နို့စားနွားမွေးမြူရေး သမဝါယမအသင်းတွေ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ အမရပူရမြို့နယ်မှာ ခုနစ်သင်း၊ ပြင်ဦးလွင်မြို့နယ်မှာ တစ်သင်း၊ ကျောက်ဆည်မြို့နယ်မှာ ၁၀ သင်း၊ စဉ့်ကိုင်မြို့နယ်မှာ လေးသင်း၊ မြစ်သားမြို့နယ်မှာ တစ်သင်း၊ တံတားဦးမြို့နယ်မှာ ရှစ်သင်း၊ မိတ္ထီလာမြို့နယ်မှာ ငါးသင်း စုစုပေါင်း နို့စားနွားမွေးမြူရေးသမဝါယမအသင်း ၃၆ သင်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဆိုပါ အသင်း ၃၆ သင်းမှာ နို့စားနွားမကောင်ရေ၂၅၉၇ ကောင်ရှိပါတယ်။ ထွက်ရှိတဲ့ နွားနို့ကို ၎င်းတို့နဲ့နီးစပ်ရာ နို့ချက်စက်ရုံတွေကို ဒေသပေါက်ဈေးအတိုင်း ပေးသွင်းရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ဇုန်သုံးဇုန်အတွင်း နို့စားနွားမွေးမြူရေး သမဝါယမအသင်းတွေ ထပ်မံတိုးချဲ့ဖွဲ့စည်းပြီး တစ်မြို့နယ်ကို နို့စားနွားမအကောင်တစ်ထောင်နှုန်း မွေးမြူနိုင်အောင် စီမံလျာထား ဆောင်ရွက်လျက်ရှိပါတယ်။ နို့နဲ့ နို့ထွက်ပစ္စည်းတွေ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် ခွန်အားဆိုတဲ့ စကားအတိုင်း နို့စားနွားမွေးမြူသူတွေ တစ်ဦးတစ်ယောက်တည်းရဲ့ အားနဲ့ ရပ်တည်ဖို့ မစွမ်းသာဘူးဆိုရင် စုပေါင်းအားနဲ့ စွမ်းဆောင်နိုင်ဖို့ ဘဝတူ၊ လုပ်ငန်းတူ နို့စားနွားမွေးမြူသူအားလုံးက စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူနဲ့ သမဝါယမအသင်းဖွဲ့စည်းပြီး စုပေါင်းအားကို တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ထို့အတူ နို့ပွဲစားတွေအနေနဲ့ကလည်း နို့စားနွားမွေးမြူသူတွေအပေါ် စီးပွားရေးအရ မှီခိုရပ်တည်ပြီး လုပ်ကိုင်ဆောင်ရွက်နေတာဖြစ်လို့ နို့စားနွားမွေးမြူရေးသမဝါယမအသင်းမှာ မိမိတို့ရဲ့ လုပ်အား၊ နည်းပညာနဲ့ ငွေကြေးအရင်းအနှီးတွေ အားဖြည့်ပူးပေါင်းပြီး မိမိတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ရေရှည်တည်တံ့အောင် တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နို့စားနွားမွေးမြူသူများအတွက် စနစ်ကျပြီး အကျိုးအမြတ်ပိုမိုရရှိစေရန် အလို့ငှာ နွားစာဖိုး၊ မွေးမြူဖို့နွားမတမ်း ဝယ်ယူဖို့၊ နွားခြံ/ နွားတင်းကုပ်များ ဆောက်လုပ်နိုင်ဖို့ ပံ့ပိုးချေးငွေထုတ်ချေးပေးမယ့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနရဲ့ အား၊ နွားတွေရဲ့ ကျန်းမာရေး၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့် နည်းလမ်း၊ အာဟာရမျှတတဲ့ အစားအစာအစရှိတဲ့ နို့စားနွားမွေးမြူရေးဆိုင်ရာ သိသင့်သိထိုက်တဲ့ အချက်အလက်များကိုသိရှိအောင် ပညာပေးနည်းလမ်းပြသ ဆောင်ရွက်မယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့ အားတွေကိုပါ အပေးအယူမျှတစွာပူးပေါင်းလိုက်မယ်ဆိုရင် နို့စားနွားမွေးမြူသူတွေရဲ့ လူမှုစီးပွားဘဝရေရှည်ဖွံ့ဖြိုးတိုးတက်စေကာ ပြည်တွင်းစားသုံးမှုဖူလုံပေါများစေပြီး နို့နှင့်နို့ထွက်ပစ္စည်းများ ပြည်ပမှတင်သွင်းရမှုကို လျှော့ချသွားနိုင်မှာဖြစ်ပါတယ်။

ယနေ့ နိုင်ငံတော်က ချမှတ်ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ အကျုံးဝင်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ခေတ်မီနည်းစနစ်တွေနဲ့ တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍတွေကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ စီးပွားရေးဦးတည်ချက်ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မှာဖြစ်တဲ့အတွက် **"တို့အားများ အပေးအယူမျှတလို့ နို့စားနွားမွေးမြူသူ သမဝါယမဖွဲ့ကြစို့"**လို့ နို့စားနွားမွေးမြူရေး သမဝါယမအသင်းများအား ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတော့တယ်။ ။

❂ ❂ ❂



## မင်းလှမြို့နယ်၌ မြစ်မခမြစ်ရေတက်၍ စာသင်ကျောင်း ၁၀ ကျောင်းကို ယာယီပိတ်ထားရ

**မင်းလှ ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ရေဝတီမြစ်ရေတက်ပြီး မြစ်လက်တက်တစ်ခုဖြစ်သည့် မြစ်မခမြစ်အတွင်းသို့ မြစ်ရေဝင်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းမှစတင်ကာ စာသင်ကျောင်း ၁၀ ကျောင်းကို ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများအတွင်း ရေဝင်ရောက်ခြင်း၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ သွားလာရာတွင် အခက်အခဲရှိခြင်း၊ အန္တရာယ်ရှိခြင်းတို့ကြောင့် ထန်းပင်ကုန်းအုပ်စုရှိ အထက(ခွဲ) ထန်းပင်ကုန်း၊ အမက (လွန်) ချောင်းနက်၊ အမက နတ္ထမင်း၊ ဒီလှိုင်းအုပ်စုရှိ အလက ဒီလှိုင်း သရက်တော၊ အလက(ခွဲ) ညောင်ပင်သာ(န)၊ အမက(လွန်) ဒီလှိုင်း၊ အမက ပေါက်ချောင်း၊ ရွှေလောင်းအုပ်စုရှိ အထက ရွှေလောင်း၊ ရှားတောကွင်းအုပ်စုရှိ အထက(ခွဲ) တူးမြောင်း၊ သဲကောအုပ်စုရှိ အမက တောင်ပို့ကြီး စုစုပေါင်း ၁၀ ကျောင်းကို ယာယီပိတ်ထားလိုက်ရခြင်းဖြစ်ကြောင်း၊ ယာယီပိတ်ထားသော ကျောင်းများကို တနင်္ဂနွေနေ့များတွင် အစားထိုးပြန်လည်သင်ကြားရေးအတွက် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

## မင်းဘူးမြို့နယ်၌ ရေဝတီမြစ်ရေ ကျဆင်းသော်လည်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနေဆဲဖြစ်

**မင်းဘူး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ရေဝတီမြစ်ရေသည် အမြင့်ဆုံးရောက်ရှိခဲ့သည့် ၁၇၉၄ စင်တီမီတာမှ တဖြည်းဖြည်း ကျဆင်းလျက်ရှိသော်လည်း စိုးရိမ်ရေမှတ် ၁၇၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း မင်းဘူးမြို့ မိုးလေဝသနှင့် ဇလဗေဒ ဌာနခွဲမှ သိရသည်။



မြစ်ရေဝင်ရောက်နေဆဲဖြစ်သော မင်းဘူးမြို့တွင်း တစ်နေရာ။

ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မင်းဘူးမြို့၏ ရေဝတီမြစ်ရေ စိုးရိမ်ရေမှတ်မှာ ၁၇၀၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၁၆ ရက်တွင် အမြင့်ဆုံး ၁၇၉၄ စင်တီမီတာအထိ မြင့်တက်ခဲ့ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ဇူလိုင် ၂၂ ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းတာချက်အရ ၁၇၂၇ စင်တီမီတာသို့ တဖြည်းဖြည်းကျဆင်းလာသော်လည်း စိုးရိမ်ရေမှတ်ထက် ၂၇ စင်တီမီတာ (၁၁ လက်မခန့်) မြင့်တက်နေသေးကြောင်း၊ မြစ်ရေကျဆင်းနှုန်းမှာ တစ်ရက်လျှင် ၁၅ စင်တီမီတာခန့်ရှိပြီး မင်းဘူး (စကု) မြို့နယ်ရှိ ရေဘေးရှောင်စခန်းများတွင် ရေဘေးကြောင့် ယာယီပြောင်းရွှေ့နေထိုင်သူများ ရှိနေသေးကြောင်း ရေဘေးရှောင်စခန်းတာဝန်ခံ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

**ဇေယျာထက် (မင်းဘူး)**

## ပခုက္ကူမြို့နယ်၌ ကိုးရက်အတွင်း မြစ်ရေ သုံးပေနီးပါးကျဆင်း၊ နောက်ရက်များတွင် ဆက်လက်ကျဆင်းနိုင်

**ပခုက္ကူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ရေဝတီမြစ်ရေတိုင်းတာချက်များအရ ကိုးရက်အတွင်း ၂ ဒသမ ၉၂ ပေခန့်အထိ ကျဆင်းလျက်ရှိသည်။

ပခုက္ကူခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇူလိုင် ၂၂ ရက် နံနက်၆နာရီခွဲအချိန် တိုင်းတာချက်အရ ၂၁၉၁ စင်တီမီတာ(၇၁ ဒသမ ၈၈ ပေ) ရှိရာ ဇူလိုင် ၁၄ ရက်တွင် အမြင့်ဆုံးရောက်ရှိခဲ့သည့် ၂၂၈၂ စင်တီမီတာ (၇၄ ဒသမ ၈ ပေ) ထက် ၂ ဒသမ ၉၂ ပေခန့် ကျဆင်းလျက်ရှိကြောင်း၊ ပခုက္ကူမြို့နယ်၌ နောက်တစ်ရက်၊ နှစ်ရက်အတွင်း ရေဝတီမြစ်ရေ ဆက်လက်ကျဆင်းနိုင်ကြောင်းနှင့် မြစ်ကမ်းဘေးနေပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိ၊ သတိရှိစေရေးအတွက် ခရိုင်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မြစ်ရေအခြေအနေကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ (ပခုက္ကူ)**

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမြှုပ်နှံခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲ အနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၂၄၅၊ ၀၂-၄၀၂၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## နတ်မောက်မြို့နယ်၌ မိုးနှမ်းသီးနှံများ မိုးလိုမိုးခေါင်မှုသက်သာစေရန် ရွက်ဖျန်းမြေဩဇာပက်ဖျန်း

**နတ်မောက် ဇူလိုင် ၂၂**
နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ မိုးရာသီတွင် မိုးနှမ်း ၁၈၃၃၀၃၄ ဧက လျာထားစိုက်ပျိုးထားရှိပြီး မိုးရွာသွန်းမှုမှာ ဇွန်လတတိယပတ်မှစတင်၍ ဇူလိုင်လပထမပတ်အတွင်း မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် မိုးနှမ်းများ အစိုဓာတ်ပြတ်လပ်၍ မိုးလိုမိုးခေါင်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့က ဇူလိုင်ဒုတိယပတ်က မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအလိုက် မိုးနှမ်းစိုက်စာရင်းများ ကွင်းဆင်းကောက်ယူခဲ့ကြရာ တမလန်းပင် ကျေးရွာရှိ မိုးနှမ်းသီးနှံများ မိုးလိုမိုးခေါင်မှု ဒဏ်ကိုခံနိုင်ပြီး အထွက်နှုန်းလျော့ကျမှု သက်သာစေရန် ရွက်ဖျန်းမြေဩဇာများကို တောင်သူများကို ထောက်ပံ့ပေးကြောင်းနှင့် စိုက်ခင်းများအရောက် သွားရောက်၍ တောင်သူများနှင့်အတူ စုပေါင်းပက်ဖျန်းခဲ့ပြီး တောင်သူအသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **သိမ့်သိမ့်မိုး**


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၀၄၅၄၆၊


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၃၅ ကျပ် | ၂၉၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ထူးခြားသည့် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၂**
ထူးခြားသည့် အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ ခွဲ တိုင်းထွာချက်များအရ တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းကို ဖြတ်ကျော်ခဲ့သော အားကောင်းသော အပူပိုင်းမုန်တိုင်း "ပရားပရွန်" သည် တုံကင်ပင်လယ်ကွေ့သို့ ရောက်ရှိခဲ့ပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ တရုတ်နိုင်ငံတောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**



သန်လျင်မြို့ ရေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ရှိ ကြေးသွန်းမဟာမုနိတန်ဆောင်းတော်ကြီး ပြုပြင်နိုင်ရန် ဇူလိုင် ၂၂ ရက်က သန်လျင်မြို့မဈေး ရာမညထောသက်န်းတိုက်မှ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးတင်လှနှင့် ဘဏ္ဍာရေးမှူး ဦးဟန်ဌေးတို့က လက်ခံယူစဉ်။
သန်းဝင်း(သန်လျင်)

## အငြိမ်းစားပင်စင်လစာ လာထုတ်သည့် သက်ကြီးရွယ်အို ၂၀၀၀ ကျော်အား ကြာဆံဟင်းနှင့် သောက်ရေသန့်ဘူးများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၂**
နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ အငြိမ်းစားပင်စင်လစာ လာထုတ်သည့် သက်ကြီးရွယ်အို ၂၀၀၀ ကျော်အား ဆုလာဘ်ပိုင်ကုမ္ပဏီမိသားစုမှ (၂၅) ကြိမ်မြောက် လစဉ်အလှူအဖြစ် ကြာဆံဟင်းနှင့် သောက်ရေသန့်ဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

သက်ကြီးရွယ်အို ပင်စင်စားများအတွက် စတုဒိသာလှူဒါန်းမှုသည် (၂၅)ကြိမ်မြောက်အထိ ရှိလာပြီဖြစ်ပြီး လစဉ်မပျက်မကွက် ကုသိုလ်ပြုလှူဒါန်းပေးနေခြင်းဖြစ်ကြောင်းနှင့် ဘိုးဘွားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း တိုး၍ဆောင်ရွက်နိုင်ရန် ကြိုးစားအားထုတ်လျက်ရှိကြောင်း ဆုလာဘ်ပိုင်ကုမ္ပဏီမိသားစု၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဘိုဘိုထံမှ သိရသည်။ **မိုးအောင်**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၂၃၀ | ၂၀၅၀၀၀၀ |
| MTSH | ၃၄၅၀ | ၃၅၅၀ | ၆၆၂၁ | ၂၂၈၅၇၉၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၃၃၂ | ၂၁၉၈၄၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၆၅၀ | ၁၇၀၀ | ၄၈၅ | ၈၂၄၄၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၇၅၀ | ၃၇၅၀ | ၁၀၂၉၄ | ၃၇၆၀၂၅၀၀ |

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး



**မုံရွာ ဇူလိုင် ၂၂**

၂၀၂၄-၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၏ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ အခွန်ထမ်းဆောင်ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝ ရရှိမှသာ ပြည်သူ့အကျိုးပြု သုံးစွဲငွေများအား သုံးစွဲနိုင်မည်ဖြစ်ကာ အခွန်ငွေများ တိုးတက်ကောက်ခံရရှိရန် လိုအပ်ပါကြောင်း၊ အခွန်ပေးဆောင်ရသူများအနေဖြင့်လည်း မိမိပေးဆောင်သည့် အခွန်နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအရ ပေးဆောင်ရန် တာဝန်ရှိပြီး ရှင်းရှင်းလင်းလင်း သိရှိမှသာ အခွန်ငွေများကို လိုလားစွာ ပေးဆောင်လာမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အခွန်ကောက်ခံမှုအပေါ် အလေးထား ဆောင်ရွက်နေမှုများကို တွေ့မြင်နိုင်မည် ဖြစ်သကဲ့သို့ တိုင်းဒေသကြီးအခွန်ကောက်ခံမှု အထောက်အကူပြု အဖွဲ့အနေဖြင့်လည်း အခွန်ကောက်ခံမှုလုပ်ငန်းများအား မျက်ချည်မပြတ် ကြီးကြပ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊

အခွန်ဝန်ထမ်းများအနေဖြင့် ကောက်ခံရန် သတ်မှတ်ပေးထားသည့် လျာထားချက်များကို ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေး၊ ရသင့်ရထိုက်သည့် အခွန်ငွေများအား တိမ်းရှောင်နေသည့် စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှု ရယူသူများထံမှ အခွန်အခလွတ်ကင်း လျော့နည်းမှုမရှိစေရန် ပြည့်ပြည့်ဝဝ ကောက်ခံရရှိနိုင်ရေး တာဝန်ရှိသူအားလုံးမှ အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးမှ ညွှန်ကြားရေးမှူး ဦးစောဆွေက အခွန်ဆိုင်ရာသိကောင်းစရာများ မုံရွာမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက တင်ဒါနှင့်ပတ်သက်သည့် အခွန်ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြံခင်းမြို့ရှိ ယာယီရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



**ကြံခင်း ဇူလိုင် ၂၂**

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက် မြို့မအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသော ယာယီရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့မအားကစားကွင်း မိုးလုံလေလုံခန်းမရှိ ယာယီရေဘေးရှောင်ပြည်သူ ၇၀ အား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့ပြီး **(ဝဲပုံ)** ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများက ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မှာကြားသည်။ ယင်းနောက် ကြံခင်းမြို့နယ်အတွင်း ရေဝတီမြစ်ရေ ကြီးမြင့်လာမှုကြောင့် ကျေးရွာ၊ အုပ်စုအလိုက် မိုးသီးနှံများ ရေကြီးနစ်မြုပ်မှု အခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် မှာကြားသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် ရေဘေးရှောင် အိမ်ထောင်စု ၇၀ အတွက် ဆန်အိတ် ၂၀၊ ဆီပိဿာ ၁၀၀ ၊ ခေါက်ဆွဲခြောက် ၅၁၂ ထုပ်၊ ဆား ၂၅၆ ထုပ်၊ ကြက်ဥ ၁၂၈၀၊ ရေသန့် ၂၅၆ ဘူး နှင့် ရေသန့်ဆေးပြားကတ် ၁၆၀၀ ကို ပေးအပ်ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး အခြေခံလျှပ်စစ် သင်တန်းဖွင့်



**မော်လမြိုင် ဇူလိုင် ၂၂**

မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီမှ ဖွင့်လှစ်သည့် အခြေခံလျှပ်စစ် House Wiring And Appliance သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ စမ်းကြီးရပ် လူငယ်သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းက မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်အရ ကလေးများ ပိုမိုမြင့်မားကောင်းမွန်သည့်ဘဝများ ရရှိနိုင်ရေးအတွက် ပညာရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အတူ ကလေးများ တက်ရောက်လိုသော သက်မွေးပညာသင်တန်းများကို တက်ရောက်နိုင်မည့် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ကျောင်းပြင်ပရောက်ကလေးများ၏ ပညာရေး လက်လှမ်းမီစေရန်နှင့် လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအစီအစဉ်နှင့် နည်းပညာ၊ သက်မွေးပညာအစီအစဉ်များကိုလည်း ပိုမိုဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို တတ်မြောက်စေခြင်းအားဖြင့် ကလေးငယ်များသည် လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးများ တိုးတက်လာစေပြီး သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များအတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ယူတတ်မြောက်သည့် ပညာရပ်များဖြင့် လက်တွေ့နယ်ပယ်တွင် အသုံးချပြီး အရည်အချင်းပြည့်ဝသော လုပ်သားများအဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသည့် ကျွမ်းကျင်လုပ်သားများ ဖြစ်စေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီအတွင်းရေးမှူး ဒေါ်တိုးတိုးချစ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)** အဆိုပါသင်တန်းကို သင်တန်းသား ၂၅ ဦး တက်ရောက် မည်ဖြစ်ပြီး ဇူလိုင်၂၂ ရက်မှ ဩဂုတ် ၂ ရက်အထိ စာတွေ့လက်တွေ့သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

**ပြင်းထန် ဝမ်းပျက်ဝမ်းလျှော ရောဂါ ကာကွယ်ရေး**

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ သောက်ရေသန့်(သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ၊ လက်သန့်စင်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

# ပဲခူးတိုင်းဒေသကြီး ပိန်းဇလုပ်မြို့၌ ရေကြီးရေလျှံမှုဖြစ်

**ပဲခူး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့၌ ဇူလိုင် ၂၂ ရက် အရုဏ်တက်ချိန်မှစတင်၍ ပိန်းဇလုပ်မြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အုန်းနဲ့သာချောင်းရေလျှံကာ လူနေရပ်ကွက်အချို့နှင့် မြို့တွင်းကားလမ်းအချို့တွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ပိန်းဇလုပ်မြို့ မင်းလမ်း ကားလမ်းမကြီး နေရာအချို့တွင် ရေကျော်ခဲ့သလို မြို့မ (၂) ရပ်ကွက် ရွှေပေါက်ကံအပိုင်း လူနေအိမ်အချို့နှင့် လမ်းအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ထို့အပြင် မြောက်ပိုင်းရှိ လူနေအိမ်ခြေအချို့ ပိန်းဇလုပ်ရဲတပ်ဖွဲ့စခန်း၊ စည်ပင်သာယာဈေးပတ်လည်၌လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **ပိန်းဇလုပ် – သိန်းညွန့်**



## မအူပင်မြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုကြောင့် ကျောင်း ၂၂ ကျောင်း ခေတ္တပိတ်ထားရ

**မအူပင် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ တိုးမြစ်ရေဝင်ရောက်မှုကြောင့် ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာခွဲ ၁၈ ရွာမှ ကျောင်းပေါင်း ၂၂ ကျောင်း ယနေ့နံနက်ပိုင်းက ခေတ္တပိတ်ထားရသည်။

အဆိုပါတိုးမြစ်ရေဝင်ရောက်မှုကြောင့် ပေကုန်၊ အောက်ထုံး၊ ပန်းပင်စု၊ ကျွဲဒုံး၊ ကျုံနတ္တော်၊ ရွှေလှေသောင်၊ ရေလဲကြီး၊ ကဝက္ကင်း၊ တော်တလုပ်ကျေးရွာအုပ်စုများနှင့် လေးအိမ်စုကျေးရွာ အုပ်စုများရှိ ကျေးရွာခွဲ ၁၈ ရွာမှ အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်း ၁၉ ကျောင်း စုစုပေါင်း ၂၂ ကျောင်း ပိတ်ထားရသည်။ ၎င်းပိတ်ထားရသည့် ကျောင်းပိတ်ရက်များကို အပတ်စဉ်တနင်္ဂနွေနေ့များတွင် ပြန်လည်အစားထိုး သင်ကြားသွားမည်ဖြစ်ပြီး တိုးမြစ်ရေဝင်ရောက်မှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၄-၂၀၂၄)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန် ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဧရာဝတီ၊ ချင်းတွင်း၊ ဝေါနှင့် တိုးမြစ်ရေကြီးမှုအခြေအနေများ

**နေပြည်တော် ဇူလိုင် ၂၂**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀ ဒသမ ၅၄ ပေ (၂၁၅၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၉ ဒသမ ၅၅ ပေ (၂၁၂၀ စင်တီမီတာ)အထက်သို့ နှစ်ပေခွဲခန့် (၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၅၅ ဒသမ ၇၇ ပေ (၁၇၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၅၅ ဒသမ ၇၇ ပေ (၁၇၀၀ စင်တီမီတာ) အထက်သို့ တစ်လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၃ ဒသမ ၆၆ ပေ (၂၅၅၀ စင်တီမီတာ)အထက်သို့ နှစ်လက်မခန့်(၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ပြည်မြို့တွင် ၉၅ ဒသမ ၀၅ ပေ (၂၈၉၇ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၅ ဒသမ ၁၄ ပေ (၂၉၀၀ စင်တီမီတာ) အောက်သို့ တစ်လက်မခန့် (၃ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ သုံးပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အထက်သို့ သုံးပေခန့် (၈၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ သုံးပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ၄၃ ဒသမ ၃၁ ပေ (၁၃၂၀ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏စိုးရိမ်ရေမှတ် ၄၃ ဒသမ ၄၇ ပေ (၁၃၂၅ စင်တီမီတာ) အောက်သို့ နှစ်လက်မခန့် (၅ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

**ဝေါနမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ ဝေါနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ)အထက်သို့ တစ်ပေခန့် (၃၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော်ခန့် (၃၅ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# နှမ်းသီးနှံများ ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ပခုက္ကူခရိုင်အတွင်းရှိ မြစ်ခြေမြို့၊ ကမ္မမြို့များနှင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသော နှနှမ်းသီးနှံများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၁၀၀-၂၀၀ ခန့် ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀-၁၂၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက် (စမုံ) တစ်တင်းလျှင် ငွေကျပ် ၁၄၂၀၀၀-၁၃၉၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဇွန်လဒုတိယပတ်နှင့် ဇူလိုင်လဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဇူလိုင်လဒုတိယပတ်တွင် နှမ်းဈေးနှုန်းများကျဆင်း၍ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နှမ်းဈေးကွက်အနေဖြင့် မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ နှမ်းလှော်လုပ်ငန်းရှင်များ၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။DOCA(မကွေး)

# သကြားပြောင်းဖူး ဈေးကောင်းရရှိပြီး အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ကုန်စိမ်းသီးနှံဈေးကွက်သို့ သကြားပြောင်းဖူး စိုက်ပျိုးမှုများသည့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျွန်းဦး၊ ကျွန်းညို၊ ကျွန်းညိုကြီး၊ ကံလှ၊ နန်းတော်ရပ်ကျေးရွာများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ အထက်ညဉ့်ကျေးရွာနှင့် အောက်ညဉ့်ကျေးရွာတို့မှ သကြားပြောင်းဖူးများ အများဆုံးဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လဒုတိယပတ်တွင် ဈေးကွက်သို့ ပြောင်းဖူးများ ဝင်ရောက်မှုနည်းပါးကာ ဈေးကောင်းရရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြောင်းဖူးဈေးနှုန်းများအနေဖြင့် ဇူလိုင်လဒုတိယပတ်တွင် ပြောင်းဖူးအရွယ်အစားအပေါ်မူတည်၍ လက်ကားဈေးတစ်ဖူးလျှင် ငွေကျပ် ၆၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေးတစ်ဖူးလျှင် ငွေကျပ် ၇၅၀-၈၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇွန်လဒုတိယပတ်ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက လက်ကားဈေးပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၆၀၀-၇၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင်လဒုတိယပတ်တွင်ပြောင်းဖူးဈေးပိုမိုရရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်ရေတက်၍ ကိုင်းကျွန်းမြေရှိ ပြောင်းဖူးစိုက်ခင်းများတွင် မြစ်ရေဝင်နစ်မြုပ်ခြင်းကြောင့်ဈေးကွက်သို့ ပြောင်းဖူးဝင်ရောက်မှုနည်းပါးသည့်အတွက် ပြောင်းဖူးဈေးကောင်းရရှိခြင်းဖြစ်ကြောင်း သိရသည်။DOCA (မကွေး)



# ပခုက္ကူဈေးကွက်သို့ မြေပဲသီးနှံများ လှိုင်လှိုင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ဆောမြို့နယ်၊ ယောမြို့နယ်နှင့် မြိုင်မြို့နယ်စသည့်မြို့နယ်များအတွင်းရှိ ကျေးရွာများမှ မြေပဲတောင့်နှင့် မြေပဲဆန်များ လှိုင်လှိုင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကုန်ဝင်ရောက်မှုအနေဖြင့် ဆောမြို့နယ်မှ မြေပဲတောင့်အဆန်နီမျိုးနှင့် အဆန်ဖြူမျိုးများ တစ်ရက်လျှင် ပိဿာချိန် ၁ သောင်းကျော်ဖြင့် တစ်ပတ်လျှင် ပိဿာချိန် ၉ သောင်းခန့်၊ ယောမြို့နယ်နှင့် မြိုင်မြို့နယ်မှ မြေပဲဆန်များ တစ်ရက်လျှင် ပိဿာ ၃၀ ဝင် အိတ်ရေ ၁၅၀-၂၀၀ ခန့် ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။



ဈေးနှုန်းအနေဖြင့် ဇူလိုင်လဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀ - ၇၈၀၀ ဖြင့်လည်းကောင်း၊ ရိုးရိုးလုံးဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ - ၇၅၀၀ ဖြင့်လည်းကောင်း၊ ဆီဆန်(အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဖြင့် လည်းကောင်း၊ မြေပဲလုံးဆန် (အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀-၇၉၀၀ ဖြင့်လည်းကောင်း၊ ဆီဆန်(အဖြူ)တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဖြင့်လည်းကောင်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြေပဲတောင့်များကို မြို့ပေါ်ရှိ လုပ်ငန်းရှင်များက ဝယ်ယူသိုလှောင်ထားရှိပြီး မြေပဲဆန်များကို ဆီစက်လုပ်ငန်းရှင်များနှင့် မြေပဲဆားလှော်လုပ်ငန်းရှင်များက ဝယ်ယူကြကြောင်း သိရသည်။ DOCA (မကွေး)

# ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းသီးနှံများ ဈေးနှုန်းအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ ပဲတီစိမ်းသီးနှံများ မေလပထမပတ်မှစတင်၍ ဝင်ရောက်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လဒုတိယပတ်တွင် အရောင်းအဝယ် ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်းသီးနှံတစ်တင်းလျှင် ငွေကျပ် ၄၅၆၀၀ ပေါက်ဈေးရရှိပြီး တင်း ၉၀၀၊ တန်အားဖြင့် ၂၉ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လပထမပတ်နှင့် ဇူလိုင်လဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဇူလိုင်လပထမပတ်၌ ပဲတီစိမ်းသီးနှံတစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဇူလိုင်လဒုတိယပတ်တွင် ပဲတီစိမ်းသီးနှံတစ်တင်းလျှင် ငွေကျပ် ၄၄၀၀ လျော့နည်း၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ DOCA (စစ်ကိုင်း)

## ၂၂.၇.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၉၂ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၇၅ | ၁၉၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၈၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၀၈၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၂၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၅၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၅၈၆၀ | ၉၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၅၅၀၀ | ၂၃၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၅၀၀ | ၆၃၁၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၂၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၈၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၂၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၁၅၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၆၂၂၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၄၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၈၅၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၆၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ၆၂၂၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၂၀၀ | ၁၃၄၀၀ | ၇၅၀၀ | ၉၂၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၄၇၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# ပြည်၊ မိုးညိုနှင့် ရွှေတောင်ရှိ ရေဘေးသင့်ပြည်သူများအား ဒေသခံကြက်ခြေနီများက လူမှုကရုဏာ အကူအညီများပေး

ရန်ကုန် ဇူလိုင် ၂၂



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများကို ဒေသခံကြက်ခြေနီများက လူမှုကရုဏာ အကူအညီများ ပေးလျက်ရှိသည်။

ထိုသို့ ကူညီဆောင်ရွက်ပေးလျက်ရှိရာတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဇလုံကျေးရွာအုပ်စုမှ ရေဘေးသင့်ပြည်သူများအတွက် စေတနာအလှူရှင်များ လှူဒါန်းသော ဆန်၊ ကြက်ဥ၊ သောက်ရေသန့်နှင့် ဆေးဝါးများကို အလှူရှင်များနှင့်အတူ သယ်ယူပို့ဆောင်ဖြန့်ဝေပေးခြင်း၊ မိုးညိုမြို့ ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား စိတ်ပိုင်းဆိုင်ရာ အားပေးခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုပေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ အသိပညာပေးခြင်း၊ အလှူရှင်များ လှူဒါန်းသော ထမင်းဘူးများကို ကူညီဝေငှပေးခြင်း၊ ရွှေတောင်မြို့နယ် သရက်တောရပ်ကွက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအတွက် အလှူရှင်များ လှူဒါန်းထားသည့် ထမင်းဘူးများကို ကူညီဝေငှပေးခြင်း၊ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့် အချိန်များတွင် ထိခိုက်ခံစားရသူများကို ကူညီခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး အချိန်များတွင် တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကိုဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ရွာလူထုများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/9146 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးဦး ၁၂/ဥကမ(နိုင်)၁၈၀၇၁၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး (ပဲခူး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ကန်ထရိုက် တိုက်ရငွေများဖြင့် ခရိုင် (၁၄) ခရိုင်အတွင်းရှိ မြို့နယ်များတွင်ကန်ထရိုက်တိုက်များမီးရရှိရေးအတွက် လိုအပ်သော 11-6.6/0.4 kV, 200kVA (Single Pole Mounted with Structrure) ထရန်စဖော်မာများအား မြန်မာကျပ်ငွေဖြင့်အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၅.၇.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၉.၈.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်းအသုံးစရိတ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီး၊ သမိုင်းဘူတာ ရုံလမ်းမကြီးနှင့် မြောက်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်၊ သုခမ္မာလမ်းမကြီးတစ်လျှောက်လမ်းမီးမြေအောက်ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းတွင် လမ်းမီးမြေအောက်ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် လမ်းမီးလုံးများ တပ်ဆင်ခြင်းများ ဆောင်ရွက်ရန်အတွက်လိုအပ်သောလမ်းမီးဆိုင်ရာပစ္စည်းများ အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၅.၇.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှ (၉.၈.၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝ ရှောင်ကြဉ်ပါ**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကန်သစ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း Grade-7 မှ မလွဲလွဲသိမ့်၏ဖခင် ဦးမောင်မောင်ညွန့်၏ အမည်မှန်မှာ ဦးမောင်ညွန့် ၈/ဘမန (နိုင်) ၀၉၁၂၁၂ ဖြစ်ပါကြောင်း။

ဦးမောင်ညွန့်

## ဖခင်အမည်မှန်

နွားထိုးကြီး၊ မြို့မ -အထက (Grade-7)မှ မောင်ဝင်းမင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးကြည်ဆောင် ၉/နထက(နိုင်)၁၂၆၉၈၅ ဖြစ်ပါကြောင်း။

ဦးကြည်ဆောင်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂( က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zu Ye Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာနေ ဇူရဲမိုးအား ည ၁၂ နာရီ မိနစ် ၄၀ တွင် ရေဆင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

(TWO STARS MYANMAR TRADING COMPANY LIMITED)

**မြန်မာနိုင်ငံ လူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅၂(က)၊ နည်းဥပဒေပုဒ်မ(၁၅)အရ ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထူးအစည်းအဝေး ဆုံးဖြတ် ချက်အရ "(TWO STARS MYANMAR TRADING COMPANY LIMITED)" အား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် မှစ၍ အစုရှယ်ယာရှင်များ ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမျိုးဟိန်း MAIP (00074)အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၃ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးဟိန်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ MAIP (00074)**
**(ဖျက်သိမ်းဆဲ)**
**(TWO STARS MYANMAR TRADING COMPANY LIMITED)**
**Liquidator Office: No (13), Lakeken Street, Ground Floor, (7) Ward, Pazundaung Township, Yangon,**
**Myanmar Enterprise Solutions Co., Ltd,**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီအုန်းကုန်းလမ်း၊ အမှတ် (၁၇)နေ ဒေါ်နန်းတင်တင်နွယ်၁၃/တခလ (နိုင်)၀၂၂၈၇၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

Hummer H2 ယာဉ်အမျိုးအစား၊ ယာဉ်အမှတ် 9E – 1086 မော်တော်ယာဉ်မှာ ကျွန်ုပ်၏ မိတ်ဆွေအမည်ပေါက် မော်တော်ယာဉ်ဖြစ်ပြီး၊ ယင်းမော်တော်ယာဉ်အား လွန်ခဲ့သော (၄)နှစ်ကျော်ခန့်က မိတ်ဆွေဖြစ်သူ ဒေါ်နန်းနွယ်ဖေဆိုသူအား ခေတ္တငှားရမ်းခဲ့စဉ် တစ်ဆင့်လွှဲပြောင်းရောင်းချထားကြောင်း သိရှိရပါသည်။

အဆိုပါမော်တော်ယာဉ်အား လက်ဝယ်ထားသူမှ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပေါက် ပြောင်းလဲခြင်း မပြုရန်နှင့် ကြော်ငြာပါသည့်ရက်မှ (၃)ရက်အတွင်း မူလပိုင်ရှင်ဖြစ်သူ ကျွန်ုပ်မိတ်ဆွေထံ အကောင်းပကတိအတိုင်း ပြန်လည်အပ်နှံရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ကားအား (၃)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းတင်တင်နွယ်ထံသို့ ပြန်လည်အပ်နှံခြင်းမရှိပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နန်းတင်တင်နွယ်** | **ဦးအောင်ချမ်းငြိမ်း (LL.B)** |
| **၁၃/တခလ(နိုင်)၀၂၂၈၇၇** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၂၁၀၁** |

**ကွယ်လွန်သူ ဒေါ်အေးကြူ ၁၂/ကမတ(နိုင်)၀၃၆၄၈၃၏ကျန်ရစ်ပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၄)၊ မြေညီထပ်နှင့် မှန်ခန်း (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၂ ၁/၂ x၅၀) တိုက်ခန်းနှင့် ယင်းတိုက်ခန်းတည်ရှိရာ မြေပိုင်ဆိုင်မှု၏ (၄)ပုံ (၁)ပုံနှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းသည် ၁၁-၁၂-၂၀၀၉ရက်စွဲပါ "(၃)ထပ် RC တိုက်သစ်ဆောက်လုပ်ရန် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့၏ သဘောတူကတိစာချုပ်"နှင့် ၅-၁၀-၂၀၁၀ရက်စွဲပါ "ခေါင်းရင်းဘက်အခြမ်းရှိ ပထမထပ်တိုက်ခန်းမှ မြေညီထပ်တိုက်ခန်းသို့ ပြောင်းရွှေ့ခြင်း နှစ်ဦးသဘောတူကတိစာချုပ်"များအရ ဒေါ်အေးကြူ ၁၂/ကမတ(နိုင်)၀၃၆၄၈၃ မှ တရားဝင်ပိုင်ဆိုင်ပြီး ဒေါ်အေးကြူ၏ခင်ပွန်း ဦးခင်စိုး၊ သား မောင်အောင်ကိုကိုနှင့် မောင်စည်သူစိုးတို့မှာ ဒေါ်အေးကြူထက်ဦးစွာကွယ်လွန်ခဲ့ကြပြီး ဒေါ်အေးကြူတွင် အမွေဆက်ခံမည့်သူ၊ ပြုစုစောင့်ရှောက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိဘဲ ဒေါ်အေးကြူ၏မိဘများဖြစ်သည့် (ဦးစိုးမောင်-ဒေါ်ကျင်ဆိုင်)တို့မှ မွေးဖွားသော မွေးချင်းမောင်နှမအရင်းအချာများဖြစ်သည့် (၁) ဦးခင်ဝင်း ၁၂/မဂတ(နိုင်)၀၂၃၇၁၃ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ယခင်သစ်တောရေးရာဝန်ကြီးဌာန၊ (၂)ဦးဇော်ဌေး ၁၂/မဂတ(နိုင်)၀၈၂၅၁၁ အုပ်ချုပ်ရေးအရာရှိ(ငြိမ်း) သတ္တုတွင်းဝန်ကြီးဌာန၊ (၃) ဒေါ်ကြည်ကြည်မော် ၁၄/အဂပ(နိုင်)၀၀၂၂၇၁ စာရင်း စစ်(ငြိမ်း) အင်္ဂပူမြို့နယ် စာရင်းရုံးတို့၏ ပြုစုစောင့်ရှောက်မှုအောက်တွင် (၇)နှစ်ကျော် တစ်ကိုယ်တည်း လူလွတ်ဘဝဖြင့်နေထိုင်ခဲ့ပြီး ၆-၄-၂၀၂၄ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ထိုသို့ ကွယ်လွန်ပြီးနောက်တွင်လည်း မောင် နှမသုံးဦးမှပင် ဦးစီး၍ ကောင်းမွန်စွာ သဂြိုဟ်ခြင်းနှင့် ဈာပနကိစ္စများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ကွယ်လွန်သူ ဒေါ်အေးကြူတွင် ယခုကျန်ရစ်သူ မောင်နှမသုံးယောက်မှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်းနှင့် အထက်ပါမြေပိုင်ဆိုင်မှု၏ (၄)ပုံ(၁)ပုံနှင့် မြေညီထပ်နှင့် မှန်ခန်း(ခေါင်းရင်းခြမ်း) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်အေးကြူ၏ မောင်နှမများဖြစ်သည့် (၁) ဦးခင်ဝင်း၊ (၂) ဦးဇော်ဌေး၊ (၃) ဒေါ်ကြည်ကြည်မော်တို့ မောင်နှမသုံးဦးမှသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်အောင် (စဉ်-၁၀၃၈၃) တရားလွှတ်တော်ရှေ့နေ**
**LL.B, D.B.L, D.I.L, D.M.L**
**အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ -၄၃၀၆၄၆၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၆)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၄-B၊ မြေကွက်အမှတ်-၂၄၈ ပေါ်တွင်"City Star Construction"မှ တာဝန်ယူဆောက်လုပ်ထားသော အိမ်အမှတ်၄၃ဟုခေါ်တွင်သည့် RC(၂)ခန်းတွဲ၊ ၆ထပ်တိုက်၏ ဒုတိယထပ် (၃လွှာ"အေ") (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် ပတ်သက်၍ စီမံခန့်ခွဲခွင့် အကျိုးခံစားခွင့်ရရှိထားသူ ကန်ထရိုက်တာ လက်ရှိထားပိုင်ခွင့်ရှိသည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကန်ထရိုက်တာထံမှ ဒေါ်ထားထားမြင့် ၁၂/ဥကတ(နိုင်)၁၂၄၈၀၉ က အပြောက်စနစ်အရ ဝယ်ယူလက်ရှိထားပိုင်ခွင့်ရရှိပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ၊ ကင်းရှင်းပါကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်မဒေါ်မိုးမိုးလွင် ၁၂/တမန(နိုင်)၁၁၁၄၂၄ က ဝယ်ယူရန် သဘောတူလက်ခံပြီး ၁၆-၇-၂၀၂၄ ရက်စွဲပါ "တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်" အရ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထား စာချုပ်စာတမ်းမူရင်းဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ငွေအပြေအကျေပေးချေပြီး အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်မိုးမိုးလွင်**
**တိုက်C၊ အခန်း၂၀၂၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာမြို့နယ်၊ ရန် ကုန်မြို့။ ဖုန်း-၀၉-၉၆၂၆၃၅၄၂၅**

## ဝမ်းမြောက်ဝမ်းသာ၊ သာဓုခေါ်ဆိုခြင်း

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု အသင်းသူ/အသင်းသားများ အားလုံးပါဝင် လှူဒါန်းသည့် (၁၃) ကြိမ်မြောက်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်းခြင်း အခမ်းအနားအား(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းဦးစီး၍ ၁၉-၇-၂၀၂၄ ရက် နံနက်ပိုင်းတွင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ စကားဝါလမ်းရှိ၊ မင်းကွန်းတိပိဋကကျောင်းတိုက်၌ ကျင်းပပြုလုပ်နိုင်ခဲ့မှုအား သာဓုအနုမောဒနာ ခေါ်ယူပါသည်။

**အသင်းသူ/အသင်းသားများ**
**မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၁၈၊ ဦးပိုင်အမှတ် (၁၁၉-ဃ)၊ ဒေါနဘွားကားကွင်းလမ်းကြားနှင့် ၁၄လမ်းကြား၊ ၆၂လမ်းကြားနှင့် မဟာနဒီလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းမူ ၉/မနတ(နိုင်)၀၇၈၅၀၁ က အမှုတွဲအမှတ် (၂၁၉၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၇၁၂၄၉ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ဟ/၂၇၂၉ ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်လင်း ၁၀/မလမ(နိုင်)၂၇၇၆၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၆) လမ်း၊ အမှတ်(၁၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၈) ထပ်တိုက် (၂) ခန်းတွဲ အဆောက်အအုံရှိ၊ တတိယထပ် (၄-လွှာ/A)၊ လမ်းမဘက်မှ မျက်နှာမူလျှင် (ယာ) ဘက်အစွန်ဆုံး (အလျား ၁၂ပေ၊ ၆လက်မ x အနံ ပေ၆၀) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ခိုင်လင်း ၁၂/ပဇတ(နိုင်)၀၃၇၃၈၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL. B)** |
| **LL.B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင်(LL.B)** | **ဦးစိုးလွင်ဦး (LL. B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၄၀၄၂ ၊ ၀၉-၇၃၁၁၅၁၀၅၊**
**၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးဘုန်းနိုင်(ခ)ကစ္စနား ၁၂/အလန(နိုင်)၀၀၂၅၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ခြံအမှတ်(၉၄)၊ (A-၄လွှာ)၊ သီရိလမ်း(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သော သမီး မအေးအေးမာ ၁၂/လမန(ပြု)၀၀၁၆၀၂သည် ဖခင်၏ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြောဆိုခြင်း၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝင်း(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄/၂၀၀၂)**
**ဖုန်း-၀၉-၅၁၂၉၀၃၀၊ ၀၉-၅၁၁၉၉၆၁**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်း၊ အထက၊ Grade-10 မှ မဝင့်ဝါလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်အောင် ဖြစ်ပါသည်။

**ဦးစိုးမြင့်အောင်**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်း၊ အထက၊ Grade-10မှ (ဘ) ဦးကြည်ဆွေ ၇/သကန(နိုင်)၀၉၅၇၇၂ ၏ သား မောင်ပိုင်စိုး အမည်မှန်မှာ မောင်ပိုင်ဖြိုးဇော် ဖြစ်ပါသည်။

**မောင်ပိုင်ဖြိုးဇော်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်မြတ်နိုး (ဘ)ဦးကျော်နိုင်ဦး ၁၂/ဒဂတ(နိုင်) ၀၉၀၀၀၉ ၏ ပတ်စ်ပို့နံပါတ် (MF-400981)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၃၈၇၃၉၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

